
MOE MAHN
ရိုးအောင် စိမ်ကြာ
မြန်မာဝတ္ထုတိုများ

# စီစဉ်သူ့စကား

စိတ်ထဲမှာ အာသီသတစ်ခု ကပ်ငြိနေခဲ့တာ ကြာပြီ။ တခြားတော့ မဟုတ်ပါဘူး။ ရသဖန်တီးသူတွေနဲ့ တွေ့ဆုံနှုတ်ဆက်စကားတွေ ပြောတိုင်း ဆရာ၊ ဆရာမတို့ရဲ့ ဝတ္ထုတိုလေးတွေကို စုစည်းပြီး စိတ်ကြိုက်မြန်မာဝတ္ထုတိုများ စာအုပ်အဖြစ် စုစည်းထုတ်ဝေချင်စိတ် ပေါ်မိသည်။ ဒါနဲ့ ၂၀၁၈ ခုနှစ် ဇူလိုင်လထဲမှာ စပြီး အကောင်အထည်ဖော်ဖြစ်ခဲ့တယ်။ ဟိုအရင်ကတည်းက ဖတ်ခဲ့ရပြီး မှတ်မှတ်သားသား ဖြစ်ခဲ့ရတဲ့ ဝတ္ထုတိုလေးတွေ၊ နောက်ပိုင်း ဖတ်ဖြစ်ခဲ့တဲ့ ဝတ္ထုတိုလေးတွေထဲက နှစ်ခြိုက်စရာလေးတွေ `တို့� ထားမိခဲ့တယ်။ အဓိကကတော့ ကျွန်မ နှစ်သက်ခဲ့တဲ့ ရသဝတ္ထုတိုတွေကို ပြန်လည်မွေးဖွားခြင်းပါ။

ရသစာပေ ဖန်တီးသူတွေက ရန်ကုန်၊ မန္တလေး၊ မကွေး၊ ချောက်၊ မုံရွာ၊ မိုးကုတ်တွေက ဆိုတော့ အဲဒီ ဆရာ၊ ဆရာမများကို ပိုပြီး နားပူရတယ်။ ဒီလို နားပူလို့ပဲလား မသိဘူး။ ပြောပြီးပြီးချင်း တစ်ပတ်အတွင်းကို စာမူတွေ ပို့ပေးကြတယ်။

ပထမတော့ စိတ်ကူးက တစ်မျိုး၊ နောက်ထပ်ဝင်လာတဲ့ စိတ်ကူးတွေက တစ်ဖုံ… ဒီလိုနဲ့ စိတ်ကူးထဲက ရှုံ့စိုင်ရှုံ့ခဲကြီးကို တဖြည်းဖြည်းချင်း ဖဲ့ချ၊ ပြန်လုံး၊ ပြန်ကပ်နဲ့ ကျွန်မ မြင်ချင်တဲ့ လိုချင်တဲ့ ရုပ်လုံးသဏ္ဌာန်ရဖို့ စိတ်ရှည်ရတယ်၊ အချိန်ယူရတယ်။ နောက်ဆုံး ကိုယ်စုစည်းထားတဲ့ "ဝတ္ထုတို" တွေကို တစ်စုတစည်းတည်း မြင်လိုက်ရတော့ စိတ်ထဲ ကျေနပ်မိတယ်။

ဒီစာအုပ်စီစဉ်ထုတ်ဝေရခြင်းရဲ့ ရည်ရွယ်ရင်းကတော့ ဖြစ်ချင်တဲ့ဆန္ဒနဲ့ အိပ်မက်ကို အကောင်အထည်ဖော်ကြည့်ခြင်းပါပဲ။ နောက် ဝတ္ထုတိုတွေ ပိုမိုများပြား

ရှင်သန်စေချင်တဲ့ ရည်ရွယ်ချက်လည်း ပါပါတယ်။ ရသစာပေ ဖန်တီးသူတိုင်းဟာ ဂုတ္တုလေးတစ်ပုဒ်ကို တော်ရုံတန်ရုံ စိတ်ကူးမှုမျိုးနဲ့ မွေးဖွားဖြစ်ခဲ့ကြတာ မဟုတ်ဘူးဆိုတာ သိစေချင်တဲ့အတွက် ဖန်တီးသူရဲ့ ရေးဖြစ်ရခြင်း အကြောင်းအရင်းလေးကို ကဏ္ဍတစ်ခုအနေနဲ့ ဖော်ပြပေးလိုက်ပါတယ်။

ဒီစာအုပ်ဖြစ်လာဖို့ အချိန်တွေ၊ စိတ်ကူးတွေ အများကြီး ယူရတာ နဲ့အမျှ စာဖတ်သူတို့ရဲ့ လက်ထဲကို တန်ဖိုးရှိရှိ ရောက်စေချင်တယ်။ နှလုံးသားအဟာရကိုလည်း ပေးချင်တယ်။ ဒီဂုတ္တုစုစည်းမှုစာအုပ်မှာ စာရေးဆရာကြီး၊ လတ်၊ ငယ် ဆရာ ဆရာမများအားလုံး စုစည်းပြီး တစ်အုပ်ထဲမှာ အတူဆုံဆည်းပေခွင့်ရတဲ့အတွက် ပိုပြီးလည်း ရင်းနှီး၊ ပိုပြီးလည်း နွေးထွေးစေမယ်လို့ ယုံကြည်မိပါတယ်။

ကျွန်မစာအုပ်အတွက် စာမူတောင်းတဲ့အခါ ယုံကြည်စွာနဲ့ စာမူချီးမြှင့်ခဲ့ကြတဲ့ ဆရာ၊ ဆရာမများအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ စာမူရှင် ဆရာ ဆရာမများနဲ့ ဆက်သွယ်ကူညီပေးခဲ့တဲ့ ဆရာ ဇော်နိုင်ဦး၊ စာမူတွေကို စေတနာရှေ့ထားပြီး စာစီပေးခဲ့တဲ့ မမိုးသူဇာ (MBA. Ca)၊ စိတ်ကူးချိုချို စာအုပ်တိုက်မှ ကိုစန်းဦး၊ မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော်ပုံများကို ရေးဆွဲပေးခဲ့သော ဆရာမုတ်သုံနှင့် ကျွန်မ `မိုးမာန် စိတ်ကြိုက် မြန်မာဂုတ္တုတိုများ' စာအုပ်ကို ဖတ်ရှုအားပေးကြမည့် စာဖတ်ပရိသတ်များအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောလိုပါတယ်။

**ချောအိမာန် (မန္တလေး)**

**5-6-09**

***


ကွန်ဒိုက
အမျိုးသမီး



# ကြူးနစ်

အမည်ရင်း = ဦးအေးဝင်းထွန်း

ကလောင်အမည် = ကြူးနစ်

ပထမဦးဆုံး ပုံနှိပ်စာမူ = `ဒွေးချိုး' ကဗျာ (ရတနာမွန်မဂ္ဂဇင်း ၊ 1974)

ရရှိခဲ့သော ဆု = `ပျို့ခန်းသာ ဝိုက်ကာမွေးတယ်' (Mandalay-reader) 1988

နေရပ်လိပ်စာ = ၅၄ မိုင်၊ တိုက်ကြီး၊ ရန်ကုန်မြို့။

ရေးဖြစ်ရခြင်း…

`ကွန်ဒိုက အမျိုးသမီး' ရေးဖြစ်အောင် Paul Guaguin ၏ တဟီဟီမှ မိန်းမများ ပုံနှိပ်ပန်းချီကို တွေ့ဖူးရာမှ ရေးဖြစ်လာအောင် ကျွန်တော် နှစ်ပေါင်း ၂၀ နီးပါး `ဥ' ခဲ့ရပါသည်။

***

## ကွန်ဒိုက အမျိုးသမီး (ကြူးနစ်)

အမျိုးသမီးသည် အလျားနှင့်အနံ ကွာခြားချက် မသိသာသော ကျောမှီဘောင်လည်း မပါ၊ ခြေရင်းဘောင်လည်း မပါသော ကြီးမားသည့် စားပွဲအနိမ့်စားတစ်လုံးနှင့် တူသော ရေမြှုပ်မွေ့ရာခင်းအိပ်ရာပေါ်တွင် မှောက်လျက် အိမ်မောကျနေရာမှ နံနက် ၉ နာရီ ၂၅ မိနစ်တိတိတွင် နေရောင်ကား နံ့သာရောင် ပိုးသားလိုက်ကာအဟကြားက နေတိုးဝင်လာသည့် နေရောင်ခြည်တန်းစူးစူးက သူမ၏ ပါးပြင်တစ်ဖက်ကို အပ်နှင့် တိုးဆွလိုက်သလို ကျရောက်လင်းလက်လာခဲ့သောကြောင့် တုတ်ခိုင်ဖွံ့ထွားသော ရုပ်ခန္ဓာနှင့်မလိုက်ဖက်လောက်အောင် ဖျတ်လတ်သွက်လက်သည့် လှုပ်ရှားမှုဖြင့် ငေါက်ခနဲ ထထိုင်လိုက်သည်။ ရုတ်ခြည်းထထိုင်ခြင်းဖြစ်၍ မလိုအပ်ဘဲ ချောင်ချိပွယောင်းနေသော ညဝတ်ဂါဝန်မှ လက်တစ်ဖက်သည် ပခုံးတစ်ဖက်ပေါ်ကနေ သူ၏ လက်မောင်းတုတ်တုတ်ကြီးတစ်ဖက်ပေါ်သို့ လျှောကျသွားသည်။ အမျိုးသမီးက ဂါဝန်အကျႌလက်ကို ဂရုမစိုက်။ ဂါဝန်အောက်နားစက ဝဲဘက်ပေါင်လယ်အထိ ခွေခေါက်လန်တက်ခြင်းကိုလည်း ဂရုမစိုက်။ ကွန်ဒိုက အမျိုးသမီး လတ်တလော သတိပြု စူစမ်းနေသည်မှာ ကုတင်ခြေရင်းဘက် နံရံတစ်နေရာမှ နံရံကပ်နာရီဝိုင်းကြီးသာ ဖြစ်သည်။

ကြည့်စမ်း... ၉ နာရီတောင် ခွဲတော့မယ်... ခေါင်းဖြူမသာကြီးက ၁၀ နာရီ လာမယ်လို့ မနေ့က ဖုန်းဆက်ထားတာ။ မသာကြီးမရောက်ခင် ရေချိုးထားနှင့်မှ။ ရေချိုးတုန်း ရေနွေးတစ်အိုး ကျိုထားမယ်။ မသာကြီးရောက်လာရင် (ကော့ဖီး... ကော့ဖီး) နဲ့ အငတ်ကြီးလို ပူဆာဦးမှာ။ တစ်နေ့ ကော်ဖီခါးခါး

ရှစ်ခွက်လောက်သောက်တဲ့ ဒီမသာကြီးကျ ဘာဖြစ်လို့ ကင်ဆာတွေ ဘာတွေ မဖြစ်ပါလိမ့်နော်။

ကွန်ဒိုကအမျိုးသမီး၏ အသက်ကို ၄၀ တစ်ဝိုက်ဟု ခန့်မှန်းသော များစွာလွဲချော် မှားယွင်းနိုင်ခြင်း ရှိမည်မဟုတ်။ သူမ၏ ရုပ်ရှည်ရူပကာသွင်ပြင်ကို ကြည့်၍ ဤမိန်းမ၌ မဈိမတိုင်းသွေး တစ်ဝက်ကျော်ကျော်၊ မွန်ဂိုလွိုက်သွေး တိမ်းပါးသွားမည် မဟုတ်။ သူမ၏ ခန္ဓာမှ နေရောင်ခြည်အထိအတွေ့များသော အင်္ဂါအစိတ်အပိုင်း အရေပြားတို့သည် ညိုမှိုင်းမှိုင်း အရောင်အဝါ ဖြစ်ကြသော်လည်း နေရောင်ခြည် လွတ်ကင်းသော အစိတ်အပိုင်းတို့ကမူ ဝင်းဝါစိုပြည်ကြသည်ဟု ပြောနိုင်မည်။ အကြောင်းသော်ကား ဂါဝန်အောက်နားစ ဖုံးအုပ်ခြင်း မရှိသော ထုထည်ကြီးသည့် အသားစိုင်မှာ ဝင်းလဲ့ဖွေးစင်းနေသောကြောင့် ဖြစ်သည်။ ခြေဖမိုးတွေ၊ ခြေချောင်းတွေကတော့ အမဲသားခြောက်ရောင် ညိုညစ်မှုန်ပျနေကြသည်။ အမျိုးသမီး၏ လက်မောင်းအိုးကြီးများ၊ လက်ဖျံလုံးကြီးများ၊ တုတ်တုတ်ထွားထွား လက်ချောင်းကြီးများကို ကြည့်ဘိဦး... နွားသားရေ အဟောင်းအမြင်းကဲ့သို့ ညိုမွဲမွဲ အကျည်းတန်နေခြင်းကို မြင်ရပါလိမ့်မည်။

အဆိုပါ အမျိုးသမီး၏ ပြည့်တင်းဖောင်းကားသော မျက်နှာမှ အသားများ၊ အဆီပြင်များကို လျှော့ချပစ်လိုက်ပါက ကြည့်ပျော်ရှုပျော် လုံးသွယ်သည့် မျက်နှာအကျကို သေချာပေါက် တွေ့ရပြီး၊ ထိုမျက်နှာရှိ အစိတ်အပိုင်းများ၏ ဖွဲ့စည်းထားဟန်မှာ အချိုးကျနှစ်သက်ဖွယ်ဟု ရှုမြင်ခံစားနိုင်ကြလိမ့်မည်။ သူမမှာ လိုအပ်သည်ထက် ပိုလျှံနေသော အဆီအသား ဒြပ်ထုနေရာနှစ်ခု ရှိသည်။ ဂါဝန်ဖျင်သားပါးပါးအောက်ကနေ ထွန်းကန်ရုန်းထွက်နေကြသည့် ရင်အင်္ဂါနှင့် တင်အင်္ဂါတို့ ဖြစ်ကြလေ၏ ။

အချင်းနှစ်လက်မကျော်ကျော်ရှိမည့် ရွှေနားကွင်းကြီးတွေကတော့ ကွန်ဒိုက အမျိုးသမီး၏ ကာယသဏ္ဍာန်နှင့် အလိုက်ဖက်ဆုံး အဆင်တန်ဆာများဟု

အချို့က ထင်ကြလိမ့်မည်။ ဤမိန်းမမှာ အခြားလက်ဝတ်တန်ဆာတွေ မတွေ့ရ။ တစ်နေရာရာမှာ သိမ်းဆည်းထားလိမ့်မည်။

သူမသည် ခြေဆန့်၍ ငူငူငိုင်ငိုင် ထိုင်နေရာမှ ဆတ်ခနဲ လှုပ်ရှားကာ ခန္ဓာကိုယ်ကြီးကို တစောင်းလှဲချ၍ ကုတင်ဘေးရှိ ဝမ်းဘဲဥပုံ အလူမီနီယံ စားပွဲပုကလေးဆီသို့ ဦးတည်လက်လှမ်းသည်။ စားပွဲပေါ်မှာ ပင်လယ်ခရုခွံ ဆေးလိပ်ပြာခွက်ကြီးတစ်ခု၊ ခွက်ထဲမှာ `ရွှေပြည်စိုး' ဆေးပေါ့လိပ်တို တစ်တို၊ အဖိုးတန် `ဟတ်ဆန်' Hudson အမျိုးအစား ဒန်ရောင်ဓာတ်ငွေ့ မီးခြစ်တစ်လုံးတို့ ရှိကြတယ်။ မသာကြီးမလာခင် ဆေးလိပ်အဂ သောက်ထားဦးမှ။ ပြီးရင် သွားတိုက်ပြီး ခံတွင်းသန့်ဆေးနဲ့ ပလုတ်ကျင်းထားလိုက်မယ်။ ပြီးတော့ သူ့ရှေ့မှာ ပီကေတွေ စွတ်ဝါးနေလိုက်မယ်။ ဒင်း(သင်း)က ပြောသေး "ဆေးလိပ်တွေ ခိုးခိုးသောက်နော် စိုးစိုး... မင်း အဆုတ်ကင်ဆာ ရလိမ့်မယ်" တဲ့။ သေခါနီး ကြီးကများ ပူပင်နေသေးရဲ့။ ကင်ဆာနဲ့ အရင်သေမှာက သူ။ အခုပဲ ကြည့်လေ... သူ အောက်ပိုင်းသေလို့ တွန်းလှည်းနဲ့ သွားနေရတာ ပဲ ဘဂက တုံးနေပြီ။ အသက်မသေခင် ဘဂက သေသလိုဖြစ်နေပြီ မဟုတ်လား။

ကွန်ဒိုက အမျိုးသမီးသည် ဆေးပေါ့လိပ်ကို မီးညှိကာ ကုတင်ပေါ်မှ ခြေတွဲလောင်းချ၍ ထိုင်ရင်း ဂါဝန်ပေါ်၊ အိပ်ရာခင်းပေါ် ဆေးလိပ်မီးပွားတွေ မကျအောင် သတိထား၍ ဆေးငွေ့တွေကို မက်မက်မူးမူး သောက်ရှူနေသည်။ တစ်ချက်တစ်ချက်မှာ အခန်းနံရံလေးဘက်စလုံးမှာ အထားအသိုကျနစွာ ချိတ်ဆွဲထားသော ပုံနှိပ်ပန်းချီကားတွေကို ရည်ရွယ်ချက်မရှိ လှမ်းကြည့်သည်။ ပေါဂေါင်၊ ဟင်နရီမာလစ်၊ မိုဒီဂလီယာနီ၊ ဖရန်စစ်ကာတွန် စသော ဥရောပသား ပန်းချီအနုပညာရှင်များကို သူမ သိဖူးကြားဖူးခြင်း မရှိခဲ့ပါ။ သူမ သေချာစွာ သိရှိသူမှာ မြန်မာပြည်မှ အပျော်တမ်းပန်းချီဆရာကြီး ဦးဖေတင်သာလျှင် ဖြစ်၏ ။ အသက် ၇၈ နှစ်အရွယ် ဦးဖေတင်မှာ ချမ်းသာကြွယ်ဝသော ပန်းချီဆရာကြီး တစ်ဦးမျှသာ မဟုတ်၊ မရွှေစိုး၏ တရားဝင် ကာမပိုင်ခင်ပွန်းသည်လည်း ဖြစ်သည်၊

စတုတ္ထမြောက်လင်လည်း ဖြစ်သည်။ ဦးဖေတင်ကတော့ မုဆိုးဖိုသက်တမ်း ၁၅ နှစ်ခန့် ရှိနေပြီ။ လွန်ခဲ့သော ၂ နှစ်က ဦးဖေတင်သည် အဝတ်အစားအသစ် လဲလှယ်ဝတ်ဆင်ခြင်းမျိုးထက် ဘာမျှမပိုသော လုပ်ဆောင်မှုတစ်ခုကဲ့သို့ ဤမိန်းမကို တရားဝင် လက်ထပ်ယူခဲ့ပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား မိုင်ဝက်ခန့် အကွာအဝေးမှ ဖူးမြော်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဝယ်ယူထားခဲ့သည့် ဤကွန်ဒိုအဆောက်အအုံ၏ ဒွါဒသမမြောက်အခန်းတွင် သူ၏ ဇနီးအား နေရာချထားပေးခဲ့၏ ။ အဘိုးကြီးက မရွှေစိုးနှင့် အတူနေထိုင်ခြင်း မပြုပါ။ သမီးအထွေးဆုံး ဆရာဝန်မ၏ မိသားစုနှင့် အတူနေထိုင်သည်။ သန်လျင်မြို့မှာ ဖြစ်သည်။

ကွန်ဒိုမှ အမျိုးသမီးသည် ဆေးလိပ်တိုကို ပြာခံခွက်ကြီးထဲမှာ မီးငြိမ်းသတ်ကာ ဖင်စီခံကို ခွက်ထဲမှာ ထည့်သည်။ ပြီးလျှင် ဆေးလိပ်ခွက်ကို မ,ယူကာ မီးဖိုခန်းဘက်သို့ တင်ပါးကြီးကို အရုပ်ဆိုးစွာ ခါရမ်းစေသည်အထိ ခပ်သွက်သွက် လှမ်းသွားသည်။ ၂ နှစ်လောက် ကြာတဲ့အထိ ဒီဆေးလိပ်ခါက်ကို ခေါင်းဖြူကြီး မတွေ့ဖူးသေးတာ အံ့ပါရဲ့ကွယ်။ တွေ့ရင်တော့ “အဆုတ်ကင်ဆာ… အဆုတ်ကင်ဆာ” နဲ့ အော်လိုက်မယ့်ဖြစ်ခြင်း။ ပြီးရင် “စိုးစိုးပါးစပ်က မွှေးမှမွှေး” လို့ ပလီစိချောက်ချက် ပြောဦးမှာ။ မသာကြီး…။

အမျိုးသမီးသည် သန့်စင်ပြီးသော ခရူခွန်ကြီးကို အဝတ်ဟောင်းကြိမ်ခြင်းထဲရှိ ထဘီပုံအောက်မှာ သေသေသပ်သပ် ဖုံးဖိသိုဂှက်ထားလိုက်၏ ။ ထို့နောက် အိပ်ခန်းထဲရှိ ဆေးလိပ်ပြာ အစအနများ ရှင်းသွားအောင် ဖုန်စုပ်စက်သုံး၍ လက်စနက်န ဖျောက်ပျက်ပစ်လိုက် ပြန်သည်။ လူဆိုတာ ဘဝမှာ ဖိမ်ခံစရာလေး တစ်ခုတော့ရှိမှ လူဖြစ်ကျိုးနပ်မယ်ဆိုတာ ဒင်း (သင်း) နားမလည်တာ မဟုတ်ဘူး။ သချႋင်းကုန်းခြေတစ်ဖက် ချထားတဲ့ ဒင်း (သင်း) လို ခေါင်းဖြူ စွယ်ကျိုးကြီးတောင် ကတ်သီးကတ်သပ် ဖိမ်ခံနေတာပဲ မဟုတ်လား။ ချောင်းသာသွားရတာ နဲ့၊ ပြင်ဦးလွင် တက်ရတာ နဲ့၊ ရန်ကုန်မြစ်ထဲ

အပျော်စီးသင်္ဘောကြီးနဲ့ လေညင်းခံရတာ နဲ့။ ငါ့မှာ ဖိမ်ခံစရာ ဘာရှိလို့လဲ။ အားလုံးလိုလိုက ရိုးနေပြီ။ ပြောရရင် ဆေးလိပ်ဖွာရတာ နဲ့၊ ဘိုထိုင်ပေါ်မှာထိုင်ရင်း ကာတွန်းဖတ်ရတာ လောက်ပဲ ရှိတာ။ ကျန်တဲ့ အရသာတွေက ဖွယ်တယ်တယ် ဖြစ်ကုန်ပြီ။ ဘာမှ ဟုတ္တိပတ္တိ စေးစေးပိုင်ပိုင် မရှိတော့ဘူး။

ကွန်ဒိုက အမျိုးသမီးသည် ရေခဲသေတ္တာကို ဖွင့်ကာ ပြည်တွင်းဖြစ် လိမ္မော်ရည်တစ်ပုလင်း ထုတ်ယူသည်။ အဖုံးဖွင့်ပြီးနောက် လိမ္မော်ရည်များ သူမ၏ မေးစေ့၊ လည်ပင်းနှင့် ရင်ညွှန့်အထိ စီးကျစွန်းပေခြင်းကို အရေးမထားဘဲ နွားငတ်ရေချ တဂွတ်ဂွတ်မြည်အောင် ပုလင်းလိုက် မော့သောက်သည်။ ပုလင်းခွံကို ရေခဲသေတ္တာဘေးမှ ကြမ်းပြင်ပေါ်မှာ ထောင်ထားခဲ့ပြီး မီးဖိုခန်းထဲရှိ ဟင်းအိုးများကို အလျင်စလို ဖွင့်လှန်ကြည့်သည်။ ဂလောင်ဂလင်မြည်အောင် အဖုံးပြန်ပိတ်သည်။ နှာခေါင်းတရှုံ့ရှုံ့လုပ်သည်။ ကြက်သားနဲ့အားလူး၊ ပုစွန်နဲ့ ဘုံလုံသီး၊ ဝက်နံရိုးနဲ့ မျှစ်ချဉ်၊ သူ တစ်ခုမှ ကြိုက်မှာမဟုတ်ဘူး။ ကြက်သားက သွားကြားညှပ်လို့၊ ပုစွန်က သွေးတိုးလို့၊ မျှစ်ချဉ်က ဂမ်းသွားလို့ ဘာလို့ ညာလို့နဲ့ ချေး (ကြေး)များဦးမယ်။ သေခါနီး ကြီး ဆိုင်ကသာ ဖုန်းနဲ့ မှာစားပေတော့။ ငါ ဘာမှ ထပ်ချက်မပေးနိုင်ဘူး။ သူ့အတွက် မော်ဒယ်ထိုင်ပေရဦးမှာ၊ မော်ဒယ်တဲ့။ တော်တော်ပျင်းစရာကောင်းတဲ့ အလုပ်။

ကွန်ဒိုက အမျိုးသမီးသည် ပါးစပ်တဖြဲဖြဲနှင့် သမ်းဝေရင်း ဂါဝန်ကို မ,ကာ သန့်စင်ခန်းတံခါးကို ဖွင့်၍ ဝင်လိုက်သည်။ အရင်ဆုံး သန့်စင်ခန်း တစ်ခွင်လုံးကို အနံ့သင်းသော ခြင်ပြေးဆေးငွေ့ရည်ဖြင့် ပက်ဖျန်းသည်။ မသာကြီးသာ အိမ်သာကို မွှေးနေမှ သဘောကျတာ။ အိမ်သာပဲ မွှေးရဦးမတဲ့လား။ ငါတို့ငယ်ငယ်က သစ်စက်အလုပ်သမား မိသားစုဝင် လူလေးငါးခြောက်ဆယ်လောက် စုပေါင်း အသုံးပြုကြတဲ့ အိမ်သာတန်းလျားရှည်ကြီးကို လိုက်ပြချင်စမ်းလှတယ်။ အိမ်သာထဲ ဝင်မိတာနဲ့ ခေါင်းဖြူကြီး တစ်ချက်တည်း အသက်ထွက်သွားမယ်။

အမျိုးသမီးက ရေပန်းအောက်မှာ လွတ်လွတ်လပ်လပ် ရေချိုးသန့်စင်နေသည်။ ဆပ်ပြာမွှေးခဲကို လက်ထဲမှာ ဖြည်းဖြည်းချင်း ပါးလျားပျောက်ကွယ်သွားတော့မတတ် ကြာမြင့်စွာ အထပ်ထပ် ပွတ်တိုက်သည်။ အနည်းငယ် ပြုတ်ထနေသော မျက်နှာပွပွကြီးမှ အရေးပြားတွေ ပွန်းပဲ့ ကွာထွက်လုနီးပါး ဖြစ်အောင် လက်သည်းတွေဖြင့် ကုတ်ခြစ်သည်။ တံတွေးတွေ တဖွီးဖွီးထွေးချသည်။ သူစိတ်မလိုရင် “မင်းဆီက ချိုင်းချွေးနံ့ သိပ်နံတာပဲ စိုးစိုးရာ… အနံ့ပျောက်ဆေး သုံးစမ်းပါ” လို့ မသာကြီးက အပြစ်ရှာဦးမယ်။ ချွေးပဲ ဘယ်နေရာက ထွက်ထွက် နံမှာပေါ့။ ချွေးဆိုတာ မွှေးရဦးမတဲ့လား။ သူ စိတ်လိုရင်တော့ ငါ သုံးရက်လောက် ရေမချိုးဘဲနေတာတောင် အနားက မခွာတော့ဘူး။ ဒီလို ဒုက္ခိတ တဏှာအိုကြီးမျိုး နောက်ထပ် ဘယ်နှနှစ် ဆက်ပြီး သက်ဆိုးရှည်နေဦးမှာလဲ။ သေမင်းရယ် အဲဒီ ကံနာဂဠ္ဍနာကြီးက လွတ်ကင်းခွင့်ရအောင် ဒင်း (သင်း) ကို ခေါ်တော်မူလှည့်ပါတော့… (ထွီ)။

ရေချိုးပြီးလျှင် ကွန်ဒိုအမျိုးသမီး နံ့သာလူး အလှပြင်ဆင်သည်။ သာမန်ကာလျှံကာ လိမ်းခြယ်ပြင်ဆင်ခြင်းသာ ဖြစ်သည်။ သူမ၏ ကြီးမားတုတ်ဖြိုးသော အတ္တဘောမှာ မှန်တင်ခုံမှာ မှန်ဝိုင်းနှင့် မဆံ့မပြဲ ဖြစ်နေသည်။ မှန်အထက်ပိုင်းတွင် အဘိုးကြီးက ဆေးအဖြူရောင်ဖြင့် Ever Smile, Never Cry အင်္ဂလိပ်ဘာသာ ဆောင်ပုဒ်ကလေး ရေးထားသည်။ အမျိုးသမီးကို အဘိုးကြီးက မြန်မာပြန် အဓိပ္ပါယ် ပြောပြထားဖူးသော်လည်း ယခုအခါ အမျိုးသမီးက စိတ်မဝင်စားတော့ တိတိကျကျ မမှတ်မိတော့။ မှန်ကြည့်တိုင်း ပြုံးရမယ်ဆိုတာ ဘာလား။ များများပြုံးတဲ့ လူတွေဟာ ရုပ်ရည်နုပျိုသတဲ့။ ငါဖြင့် အဲသလို ပေါက်ကရရှစ်သောင်း စကားမျိုး ဘယ်ကမှ မကြားဖူးပေါင်။ အလကား ပေါကြောင်ကြောင် တဏှာရူးကြီး။ အမျိုးသမီးက နှုတ်ခမ်းများကို စထရော်ဘယ်ရီသီးရောင်ရင့်ရင့် ဆိုးဆေးလူးခြယ် မွမ်းမံနေသည်။ သူမက ဤအလုပ်မှာတော့ စိတ်ရှည်သည်။ တော်ကြာ မသာကြီးက “ကြည့်စမ်း… မင်း

ဆေးလိပ် ဘယ်လောက် သောက်တယ်ဆိုတာ မင်းနှုတ်ခမ်းကြီးတွေက သက်သေခံနေပြီ… ဆေးချေးစွဲပြီး နှုတ်ခမ်းကြီးတွေ မည်းညစ်နေပြီ… ကြည့်စမ်း” ဆိုပြီး ဗျစ်တီးဗျစ်တောက် လုပ်ဦးမှာ။ ပန်းချီဆရာ မျက်လုံးများ တယ်ပြီး ကြောက်စရာကောင်းတယ်။ နေရာတကာ ကပ်ကပ်သပ်သပ် လိုက်ကြည့်နေတော့တာပဲ။ ဒီမသာလောင်းကြီးက ပိုပြီး အသေးစိတ်လိုက်သေး။

အမျိုးသမီးသည် အဖြူပြောက်ကလေးတွေ ဖောက်ထားသော အနီရောင်အောက်ခံ ဓာတုချည်ထည်သား ထဘီနှင့် “နီကေး” အမှတ်အသားပါ အဖြူရောင်တီရှပ်ပွပွကို ဝတ်ဆင်လိုက်သေး၏ ။ ဆံပင်တွေကို အခြောက်ခံစက်ကလေးဖြင့် အပူငွေ့ပေးပြီး ခြောက်သွေ့ချိန်မှာ ပခုံးနှစ်ဖက်ပေါ်သို့ ကပိုကရို ဖွ၍ လွှင့်ချထားလိုက်၏ ။ ဒါကိုများ မသာကြီးက ခြသေ့်လည်ဆံနဲ့ တူသတဲ့။

ကွန်ဒိုက အမျိုးသမီးသည် အလှပြင်ပြီးနောက် ပြင်ပရှုခင်းကို ယနေ့အဖို့ ပထမဆုံးအကြိမ် လှမ်းကြည့်ဖြစ်သည်။ ရာသီဥတု သာယာကြည်စင်လျက် ကောင်းကင်ရှိ တိမ်တိုက် အစုအဝေးများကို အနားသတ်မျဉ်း ထင်လင်းပြတ်သားစွာ တွေ့မြင်ရသည်။ အဝေးအမြင့်မှာ ပျံသန်းနေသော ငှက်အချို့ကို အစက်အပြောက်များသဏ္ဍာန် တွေ့မြင်သည်။ အဝေးအောက်ဘက် အနီးဆီမှ ကားဟွန်းသံသဲ့သဲ့ကို ထုံ့ပိုင်းထုံ့ပိုင်း ကြားသည်။ အတိတ်ကို ပြန်လည်တမ်းတချင်သော ဆန္ဒလိုလို လေးလံထိုင်းမှိုင်းသည့် ခံစားမှုပေါ်လာသည်။ လူ့ဘောင်မှာ မရှိတော့သော မိဘများကိုလည်းကောင်း၊ အဆက်အဆံ ပြတ်တောက် ကင်းဝေးခဲ့ပြီဖြစ်သော မွေးချင်း မောင်နှမတွေကိုသော် လည်းကောင်း၊ နာကျည်းခံပြင်းစွာ ကွဲပြတ်ခဲ့ကြရသော လင်ယောကျ်ား သုံးယောက်ကိုလည်းကောင်း၊ သာမန်အသိအကျွမ်းအဆင့်သို့ ကျဆင်းသွားခဲ့ကြသည့် သားနှစ်ယောက်နှင့် သမီးတစ်ယောက်တို့ကို လည်းကောင်း သူမ၏ သိမှတ်စိတ်ထဲသို့ မရွှေစိုး (ယခု ဒေါ်ခင်စိုးစိုး) ပြန်လည်ခေါ်ဆောင်

သွတ်သွင်းခြင်းပြုရန် စိတ်အားထက်သန်ခြင်း မရှိတော့ပေ။ စိတ်နှလုံး၌ အေးမြစွာ နှောင်ဖွဲ့ ရစ်ပတ်ခြင်းထဲတွင် မိန်းမောသာယာတတ်မှုကို ကွန်ဒိုက အမျိုးသမီး ငြီးငွေ့ပျင်းမုန်းလျက် ရှိခဲ့ပြီ။ လောကမှာ တပ်မက်စရာ အာရုံခံစားမှုတွေက ဖြည်းဖြည်းချင်း ပါးလျားဝေးဝါးလာခဲ့ကြပြီး။ သို့ပါသော်လည်း တွယ်ကပ်ကျန်ရစ်ဆဲ ဘဝရမ္မက်ခွန်းအား အချို့ကတော့ ခိုင်မာကျစ်လျစ်ကြဆဲ။ လိုအပ်မှုတွေကို အစာငတ်သော ဝံပုလွေအုပ်ကြီး တစ်ခဲနက် ပြိုင်တူအူကြ ဟစ်ကြသလို၊ သူမ၏ သွေးစီးကြောင်းများထဲကနေ ရုံဖန်ရံခါ တောင်းဆိုနေကြဆဲ။ မရွှေစိုးက စိမ်းညို့ညို့ သစ်ပင်အုပ်များအထက်ရှိ ဝါရွှေဝင်းပသော ရွှေတိဂုံစေတီတော်ကြီးဆီသို့ ကြည့်သည်။ သူမ ဘုရားကို မမြင်မိပေ။

ရတ်တရက် ဆေးလိပ်ဖွာရှိုက်လိုသောဆန္ဒ အပြင်းအထန် လှုပ်ကန်လာသည်။ မရွှေစိုး သက်ပြင်းရှိုက်လိုက်၏ ။ မသာကြီး ရောက်ခါနီး နေပြီ။ ဆေးလိပ်သောက်လို့ မဖြစ်ဘူး။ ဒင်း(သင်း)က ခွေးတို့ ကြောင်တို့ကျနေတာပဲ။ အနံ့ခံ သိပ်ကောင်းတာ။ “အဆုတ်ကင်ဆာ မကြောက်ဘူးလား စိုးစိုး… အဆုတ်ကင်ဆာ… အဆုတ်ကင်ဆာ” ဆိုတဲ့ သူ့ငှက်ဆိုးထိုးသံကြီးကို မကြားချင်ပေါင်။ ဒါပေမယ့် သူ မသေမချင်း ကြားနေရဦးမှာ။ ဒင်း(သင်း) မြန်မြန်သေလေ ကောင်းလေပဲ။

ရည်ရွယ်ချက် မရေရာဘဲ ဧည့်ခန်းထဲသို့ ထွက်လာသည်။ ဧည့်ခန်းနံရံတစ်ဖက်မှာ သစ်သား၊ သတ္တုမှန်အကြည်တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ဘုရားရှင်၏ ကျောင်းဆောင်တော် ရှိသည်။ စကျင်ကျောက်ဖြူသားကို လက်ရာမြောက်စွာ ထုဆစ်ထားသည့် ဗုဒ္ဓရုပ်ပွားတော်အား ကိန်းဝပ်စံပယ်လျက် ရှိသည်။ ဘုရားဆင်းတုကို မြင်မှ ပူလောင်သော အလိုမကျမှုတွေ ငြိမ်ဝပ်သွားသလို ခံစားရသည်။ သို့သော် မရွှေစိုးသည် ဗုဒ္ဓရုပ်ပွားတော်အား ရုံဖန်ရံခါ မတ်တတ်ရပ်မော့ကြည့်ရင်း လက်အုပ်ချီမိသည်မှတစ်ပါး ဝတ်ပြုရှိခိုးခြင်း မရှိခဲ့ပါ။ ငယ်စဉ်က မိခင် သင်ကြားပေးခဲ့သော ဘုရားရှိခိုးစာတွေ မေ့ကုန်ပြီ။ တစ်စုံတစ်ဦးက အမှတ်မထင်

မေးလာလျှင် ဘုရား၏ ဘွဲ့မည်တော် “ဂေါတမ” ကို ရွတ်ဆိုပြန်ကြားနိုင်ဖို့ပင် သူမ အချိန်ယူ စဉ်းစားနေရလိမ့်မည်။

သို့တိုင် ကွန်ဒိုက အမျိုးသမီးသည် မိစ္ဆာဒိဋ္ဌိ အရိုင်းမကြီးတစ်ယောက်တော့ မဟုတ်သေးပါ။ သူမ၏ “မသာကြီး” ကို သူမ၏ ရင်ထဲမှာ “ဘဂကယ်တင်ရှင်ကြီး” ဟု ကမ္ပည်းထိုးထားပါသည်။ တတိယအိမ်ထောင်ပျက်အပြီး လိမ်လည်မှုဖြင့် ထောင်နန်းစံအပြီး လူလတ်တန်းစား မိသားစုတစ်စု၏ နေအိမ်မှာ သူမအိမ်ဖော်အလုပ် ဝင်လုပ်နေစဉ် “မသာကြီး” နှင့် ဆုံခဲ့ကြ၏ ။ မသာကြီးက တွေ့တွေ့ချင်း သူမအား မျိုးစိတ်သစ် ဂေါ်ရီလာမျောက်ဝံတစ်ကောင်ကို တွေ့ရှိသော သတ္တဗေဒပါမောက္ခကြီး တစ်ဦး၏ ပြင်းပြသော သိလိုဇော ဝင်းလက်နေသည့် မျက်လုံးများဖြင့် အငမ်းမရ ကြည့်ခဲ့လေသည်။

“ပေါ်ဂေါ်ဂင်ရဲ့ တဟီဟီကျွန်းသူတစ်ယောက်ကို ငါ တွေ့ပြီဟေ့” ဟု ဦးဖေတင်က မိတ်ဆွေအိမ်ရှင်အား ကျယ်ကျယ်လောင်လောင် အော်ပြောသံကို မရွှေစိုး ကြားခဲ့ဖူးသည်။ မိမိကို ရည်ရွယ်မှန်းတော့ မသိ။ နောက်ပိုင်း မိမိကို တဟီဟီကျွန်းသူဟု ရည်ညွှန်းရသော အကြောင်းခံကို သိခွင့်ရသောအခါ အမျိုးသမီး အဆီးအတားမရှိ ရယ်ချင်လာမိ၏ ။ ငါ့ဖေက ပန်းသေးတရုတ်၊ ငါ့အမေက ကရင်မ၊ ငါ့ကျတော့ တဟီဟီကျွန်းသူမနဲ့ တူသတဲ့။ အဲဒီ ကျွန်းက ငါတို့ တိုင်းပြည်နဲ့ အဝေးကြီးမှာ ရှိသတဲ့။ ရန်ကုန်နဲ့ မော်လမြိုင်လို ဓားလွယ်ခုတ်ပုံစံ ရှိနေကြသတဲ့။ လေယာဉ်ပျံနဲ့ သွားရင်တောင် လမ်းမှာ တစ်ညအိမ်ရလောက်အောင် ဝေးသတဲ့။ ရှေးကဆိုရင် တဟီဟီက မိန်းမတွေဟာ ပျိုပျိုအိုအို အကျႌမဝတ်ကြဘူးတဲ့။ လူရိုင်းတွေနဲ့ တူပါရဲ့။

“သူတို့ကို လူရိုင်းလို့ မခေါ်ဘူး စိုးစိုးရဲ့… ပစိဖိတ်ဒေသခံ ကျွန်းသူကျွန်းသားတွေလို့ ခေါ်ကြတယ်… အချောအလှတွေ အများကြီးရှိတယ်… တာရီတာ လို့ ခေါ်တဲ့ ကျွန်းသူတစ်ယောက်ဆိုရင် ဟောလီးဝုဒ်ရုပ်ရှင်မင်းသမီး

ဖြစ်ပြီး မင်းသားကြီး မာလွန်ဘရန်ဒိုနဲ့တောင် ညားခဲ့တာ” ဟု ဦးဖေတင်က ပြောသောအခါ မိန်းမမှာ မျက်စိပေကလပ် ပေကလပ်နှင့် ငေးကြောင်နေခဲ့၏။ မရွှေစိုးသည် ကမ္ဘာပထဝီဝင်အကြောင်းကို အတော်အတန် သင်ယူခဲ့ရသည့်အတန်းသို့ ရောက်သည့်တိုင် စာသင်ကျောင်းမှာ နေခွင့်မရခဲ့။ ဖခင်က စွန့်ပစ်သွားသော မိခင် ဈေးသည်ကို ဈေးကူရောင်းရန် အသက် ၁၁ နှစ်မှာ ကျောင်းထွက်ပြီး ၁၄ နှစ်မှာ ယောက်ျားရခဲ့လေသည်။

အသက် ၄၁ နှစ်မှာ မရွှေစိုးသည် ပန်းချီဆရာအို၏ ထာဝရစံပြမယ်အဖြစ် ခံယူနိုင်ရန် ထိုအဘိုးကြီးနှင့် တရားရုံးမှာ လက်ထပ်ထိမ်းမြားသည်။

“ငါ့အတွက်တော့ မင်းဟာ အပျိုပဲ စိုးစိုး.... မအိုသေးတဲ့သူ အပျိုကလေးနဲ့တူလို့ ဆိုကြတယ် မဟုတ်လား... ငါကတော့ အိုပါပြီ... မင်းထက်အရင် သေမှာပဲ... ငါသေရင် မင်း ဒီကွန်ဒိုတိုက်ခန်းကို အမွေရမယ်... တိုက်ခန်းကို ပြန်ရောင်းပြီး ဘဝသစ်ထူထောင်ချင် ထူထောင်ပေါ့ကွာ” ဟု ဦးဖေတင်က ဆိုလေသည်။

“အို... တော်ပါပြီ အစ်ကိုကြီးရယ်... အစ်ကိုကြီးက နောက်ဆုံးပါပဲ... အစ်ကိုကြီးမရှိရင် ကျွန်မ သီလရှင်ဝတ်ပြီး အရိုးထုတ်မယ်” ဟု သူမက ပြောသည်။

“စိုးစိုးပုံစံမျိုးနဲ့ သီလရှင်ဝတ်နဲ့ မလိုက်ပါဘူးကွာ” အဘိုးကြီးက သူ့စကားကို သူ့ဘာသာ နှစ်ခြိုက်ကာ ရယ်မောသောအခါ မရွှေစိုးက ခေါင်းတုံးကြီးနှင့် သူမ၏ ပုံရိပ်ကို မြင်ယောင်ကာ သက်ပြင်းချသည်။ အဘိုးကြီးစကား တည်ပါစေဟု ဆုတောင်းနေရသည်။ အဘိုးကြီး ကိစ္စချောသွားလျှင် တိုက်ခန်းပြန်ရောင်းပြီး ပျော်ပျော်ပါးပါး စာသောက်လည်ပတ် သုံးဖြုန်းပြီး နောက်လက်ကျန်ငွေထုပ် ပိုက်ကာ မိခင်၏ ဇာတိရွာက မိခင်ဘက်မှ အမျိုးတွေကြားမှာ ပြန်နေမည်ဟု မရွှေစိုး စိတ်ကူးထားသည်။ အရေးကြီးတာကတော့ ဒီမသာကြီး မြန်မြန်သေဖို့ပဲ။ သူက အသက် ၉၀-၁၀၀

ရှည်နေရင် ငါလည်း အဘွားကြီးအို ရွတ်တွဘဂနဲ့ ဘာအရသာမှ ခံစားနိုင်တော့မှာ မဟုတ်တော့ဘူး။

လူခေါ်လျှပ်စစ်ခေါင်းလောင်းသံ မြည်လာချိန်တွင် ကွန်ဒိုက အမျိုးသမီးမှာ ရေခဲသေတ္တာမှ ထုတ်ယူလာသော ပန်းသီးတစ်လုံးကို ပါးစပ်နှင့် စတင်ကိုက်ဖြတ်နေချိန် ဖြစ်၏ ။ သုံးခါမြည်တယ်။ မသာကြီးရဲ့ အချက်ပေးသံပဲ။ တော်တော်အချိန်တိကျတဲ့ အရိုးခြောက်ကြီးပဲ.....။

သူမက သော့နှစ်ဆင့် ခတ်ထားသော ကျွန်းသားတံခါးမကြီးကို အချိန်ယူ၍ ဖွင့်သည်။ တွေ့မြင်ရတော့မည့် မြင်ကွင်းကို စိတ်ထဲ ကြိုတင်မြင်ယောက်ကာ ဤတိုက်ခန်းတစ်ခုလုံး ဆေးရုံလူနာဆောင်နှင့် တူသွားတော့မည်ဟု ခံစားရင်မောနေသည်။ ချွဲသလိပ်ကပ်နေဟန်ရှိသည့် လည်ချောင်းကွဲသံကြီးကို နားမချမ်းသာစွာ ကြားရဦးမည်။ ဘာပဲဖြစ်ဖြစ် မသာကြီးဆီက ဈေးဝယ်ဖို့ ငွေတစ်သိန်းလောက်တော့ တောင်းထားလိုက်ဦးမှ။

လူနာတင်တွန်းလှည်းကို ကားဒရိုင်ဘာက တွန်း၍ ဝင်လာသည်။ အရိုးနှင့်အရေတို့သာ ကျန်တော့သည့် တိုက်ကြက်ဖကြီးတစ်ကောင်နှင့် တူသော အဘိုးကြီးက ရွှေကိုင်းမျက်မှန်နောက်မှ မျက်စိကျဉ်းကျဥ်းကလေးတွေဖြင့် မရွှေစိုး၏ တစ်ကိုယ်လုံးကို ဝေ့ဝဲကြည့်ရှု၏ ။

“စိုးစိုးဝတ်ထားတာက လမ်းဘေးဈေးသည်မနဲ့ တူနေတယ်... ကိုယ့်ကိုယ်ကို ပန်းချီမော်ဒယ်တစ်ယောက်ဆိုတာ သတိထားဦးမှပေါ့... မောင်ဇော်မြင့် ညနေ ၅ နာရီတိတိမှာ ငါ့ကို လာကြိုဟေ့...”

ကားဒရိုင်ဘာ ထွက်သွားပြီးနောက် တံခါးကို အသေအချာ ပိတ်ပြီးသော် အမျိုးသမီးက ထုံးစံအတိုင်း အဘိုးကြီး၏ “အိုဇော်နံသော” ပိန်ချိုင့်ချိုင်းပါးတစ်ဖက်ကို နှာခေါင်းဖြင့် တစ်ချက်နမ်းရှုံ့သည်။

“အစ်ကိုကြီးပဲ ပြောဖူးတယ်မဟုတ်လား... မိန်းမတစ်ယောက်ရဲ့

အလှဟာ အဝတ်အစားထဲမှာ မရှိဘူး… အဝတ်အစားဖုံးထားတဲ့ ကိုယ်လုံးမှာပဲ ရှိတယ်ဆို… ကဲ ဘာပြောမလဲ အစ်ကိုကြီး”

အဘိုးကြီးက မပြုံးမရယ် မျက်နှာထားဖြင့် အတက်ချီလက်ဆွဲသေတ္တာကို ပေါင်ပေါ်မှာတင်လျက် လှည်းပေါ်မှာ ခပ်မတ်မတ်ထိုင်နေသည်။

“ပြောလေ အစ်ကိုကြီး” ဟု ဆိုရင်း အမျိုးသမီးက သူမ၏ မျက်နှာကို အဘိုးကြီး၏ မျက်နှာနှင့် ထိမတတ် ရှေ့သို့ တိုးကပ်သည်။ အဘိုးကြီးက သူ၏ ပိန်ရှည်ရှည်လည်တိုင်ကို ယိမ်းနွဲ့ရင်း မျက်နှာချင်းမထိအောင် တိမ်းရှောင်သည်။ အမျိုးသမီးက အဘိုးကြီး၏ ပိန်ငေါငေါပခုံးအစုံကို သူမ၏ လက်မောင်းအိုကြီး နှလုံးအကြားမှာ ဖိညှပ်ထားလိုက်၏။

“ငါပြောချင်တာကတော့… မင်းမှာ ဘာအလှတရာမှ မရှိတော့ဘူး ဆိုတာပဲ စိုးစိုး… ကိုယ်လုံးကြီးက တစ်နေ့တခြား ကြီးလာတယ်… ရင်နဲ့ ဗိုက်ကလည်း ဆက်မတတ် ဖြစ်နေပြီ… ရေမွှေး ဘယ်လောက်သုံးသုံး မင်းကိုယ်နံ့က ပြင်းသထက် ပြင်းလာတယ်… အချိုနဲ့ အဆီကို လျှော့စားပါလို့ ပြောတယ်… မရဘူး၊ လေ့ကျင့်ခန်းလုပ်ပါလို့ ပြောတယ် မလိုက်နာဘူး၊ မနက်အစောကြီးထပြီး ကန်တော်ကြီးတစ်ပတ် လမ်းလျှောက်ပါလို့ ပြောတယ် မလုပ်ဘူး… နေဖင်ထိုးတဲ့အထိ အိပ်နေတယ်… မင်းကိုယ်မင်း မှန်ထဲမှာ ပြန်ကြည့် စိုးစိုး… ဗိုက်ကပ်နေတဲ့ ဝက်မကြီးတစ်ကောင်နဲ့တောင် တူလာပြီ… ငါ မသေခင် မင်း အဆီပိတ် နှလုံးသွေးကြောပြတ်ပြီးတောင် သေသွားနိုင်တယ်”

အဘိုးကြီးက အေးစက်စက် လေသံဖြင့် ဖြည်းဖြည်းရေရွတ်နေသည်။ အမျိုးသမီးသည် အဘိုးကြီးခန္ဓာအနီးမှ ဖျတ်ခနဲ ရုန်းဖယ်ဆုတ်ခွာလိုက်၏။ အဘိုးကြီးကို သရော်ပြောင်လှောင်သည့် မျက်နှာထားဖြင့် ကြည့်သည်။ လက်နှစ်ဖက်ကို တင်ပါးဆုံ ဘေးတစ်ဖက်တစ်ချက်ဆီသို့ တင်၍ ခါးထောက်လိုက်သည်။

“အဲဒီ ဝက်မကြီးရဲ့ အတ္တဘောကြီးက အစ်ကိုကြီးကို ငွေတွေ သိန်းသန်းချီပြီး ရှာပေးခဲ့တာကိုကော ထည့်မပြောတော့ဘူးလား… အခုလည်း အစ်ကိုကြီးလာတာ စိုးစိုးကို မော်ဒယ်ထားပြီး ပန်းချီကားတစ်ကား ဆွဲဦးမယ်… နိုင်ငံခြားသားတွေကို ကျိတ်ပြီး ဒေါ်လာနဲ့ ရောင်းမယ်… အစ်ကိုကြီးပြောတာ ဟုတ်ပါတယ်… စိုးစိုးက ဝတ်မကြီးပါ… ခြံလှောင်ပြီး အစာဂဂကျွေးထားတဲ့ ဝက်မကြီးတစ်ကောင်ပါ.. ဒါပေမယ့် ပေါ်ပြီး ရောင်းလို့မရတဲ့ဝက်…ဝက်မကြီး သေသွားရင် အစ်ကိုကြီး ငွေဝင်ပေါက် ပိတ်သွားတော့မှာ မဟုတ်လား”

“တော်တော့ စိုးစိုး… ငါ ရေငတ်တယ်… အချိုရည်တစ်ခုခု သွားဖျော်”

အဘိုးကြီး၏ အက်ကွဲကွဲ ခြောက်ခြောက်ကပ်ကပ် အသံကြီးက အခန်းထဲမှာ ဂယက်လှိုင်းထသွားသည့်နှယ် ထင်ရသည်။ ကွန်ဒိုက အမျိုးသမီးသည် သူမ၏ ဂမ်းဗိုက်ပူပူနှင့် ရင်အုံမောက်မောက်ကြီးကို လှုပ်ခါရင်း အော်ဟစ်ရယ်မောသည်။ အဘိုးကြီးက မလိုလား မနှစ်မြို့ဟန်အပြည့်ဖြင့် ကြည့်နေသည်။ သူ့စိတ်အာရုံတွင် အမျိုးသမီး၏ ဆူဖြိုးဖောင်းကားသော ကိုယ်လုံးကြီးမှာ ရယ်မောလှုပ်ခါရင်း တဖြည်းဖြည်း ပြန့်ကားပွယောင်းလာသည်ဟု ထင်ယောင်လာ၏။ ကိုယ်လုံးအနောသတ်မျဉ်းများဘေးမှ အရောင်ဝါဝါတွေ လင်းလက်လာကြလျက် ဧရာမအသားစိုင်ခဲကြီးက သူ့ထံ အုပ်မိုးလာသည်ဟုပင် ယုံကြည်လာမိသည်။ အဘိုးကြီးသည် မျက်စိတွေ မှိတ်လိုက်၏။ အမျိုးသမီးကို မမြင်ရတော့သော်လည်း စိတ်အတွေးထဲမှာ အညိုရောင်၊ အနီရောင်၊ အဖြူရောင်တို့ အချိုးမညီမညာ ပေါင်းစပ်နေကြသော ကုဗပုံ အသားစိုင်ကြီးများသည် တိမ်လိမ်တိမ်တိုက်များ လွင့်လူးရွေ့လျားနေကြသည့်နှယ် တရိပ်ရိပ် လှုပ်ရှားနေကြသည်။

သူ၏ မျက်လုံးများ ပြန်ဖွင့်လိုက်ချိန်တွင် သူ့အနီးမှာ အမျိုးသမီး ရှိမနေတော့။ တော်တော်စိတ်ကုန်ဖို့ ကောင်းတဲ့ ကလေကချေမ။

“သေစမ်း… သေစမ်းဟဲ့” ဟူသော ဒေါမာန်တကြီး ကြိမ်းမောင်းသံက

ထမင်းစားခန်းဆီမှ ပေါက်ကွဲထွက်လာ၏ ။ အရာဝတ္ထုချင်း ထိခတ်တိုးတိုက်သံ တရစပ်ကိုလည်း ကြားရ၏ ။ တဘုတ်ဘုတ် တဖျန်းဖျန်း မြည်သံနှင့် အမျိုးသမီး၏ "သေစမ်း... သေစမ်း" ဆိုသော ငေါက်ငန်းသံတို့မှာ ရောထွေးပွက်ဆူလျက် ရှိသည်။

"ဟော့ စိုးစိုး.... မင်း ဘာလုပ်နေတာလဲ"

အဘိုးကြီးက အော်ဟစ်ရင်း ဘီးတပ်ကုလားထိုင်လှည်းကို မိမိလက်နှစ်ဖက်ဖြင့် တွန်းလှိမ့်ရွေ့လျားစပြုသည်။

"ပိုးဟပ်တွေ... ပိုးဟပ်တွေ" ဟူသော အသံစူးစူးတုံ့ပြန်မှု ပေါ်ထွက်လာပြီး တစ်ဆက်တည်း "သေစမ်း... သေစမ်း... မြန်မြန်သေစမ်း" ဆိုသော နာကျည်းခက်ထန်စွာ အော်ညည်းသံက လိုက်ပါလာ၏ ။

အဘိုးကြီးသည် ဘီးတပ်ကုလားထိုင်လှည်းကို အမျိုးသမီးရှိနေရာ ထမင်းစားခန်းဘက်သို့ ဦးတည်ပြီးမှ ကွေ့ဝိုက်ကာ မူလနေရာ ဧည့်ခန်းဘက်သို့ ပြန်လှည့်သည်။

"ငါမသေနိုင်သေးဘူး... မျိုးမစစ်မရဲ့... နင် ခုထက်ထိ ပိုမဂလာခင်... ခုထက် ပုံပျက်မသွားခင် နင့်ကို ကောင်းကောင်းခိုင်းပြီး ငွေများများ ရှာရဦးမယ်"

ကွန်ဒိုအမျိုးသမီး၏ ကျိန်ဆဲသံမှာ ကျယ်လောင်ရာမှ တိုးညှင်းစပြုလာ၏ ။

**ချယ်ရီမဂ္ဂဇင်း၊ ၂၀၀၈ စက်တင်ဘာလ**

***





## မာန်မြင့်

အမည်ရင်း - ဦးခင်မောင်မြင့်

ကလောင်အမည် - မာန်မြင့်

ပထမဦးဆုံး ပုံနှိပ်စာမူ - "ဂမ်းနည်းခြင်း အထိမ်းအမှတ်" ပြဇာတ်တို (ရှုထောင့်ဂျာနယ်၊ ၁၉၇၁) နေရပ်လိပ်စာ - ၂၈ လမ်း၊ ၇၃ နှင့် ၇၄ လမ်းကြား၊ မန္တလေးမြို့

ရေးဖြစ်ရခြင်း

ဝတ္ထုတိုရေးပြီး စုပေါင်းထုတ်ဝေစဥ် ပါရှိသော အမှာစာ၌ ရောရောင်နောက်လိုက်ဝတ္ထု၊ ဦးနှောက်အငှားဝတ္ထု၊ ပြည်တွင်းဖြစ် နိုင်ငံခြားအရက်ကဲ့သို့သော ဝတ္ထု မဟုတ်ပါ။ မြန်မာပြည်၏ မျက်မှောက်ခေတ်ကို ထင်ဟပ်သော ဝတ္ထု ဖြစ်ပါသည်။

မြန်မာပြည်သား စာရေးသူက မြန်မာပြည်သားများ ဖတ်နိုင်ရန်

မြန်မာ့အတွေ့အကြုံ၊ အတွေးအမြင်တို့ကို မြန်မာစာဖြင့် ရေးသားသော မြန်မာဝတ္ထုတိုစစ်စစ်ဖြစ်သောကြောင့် မြန်မာပြည်မှာ လုပ်သည်ဟု အမည်ပေးလိုက်ရခြင်း ဖြစ်ပါသည်ဟု ဖော်ပြခဲ့ပါသည်။

ဤဝတ္ထုတိုမှာ သက်တမ်း အနှစ် ၄၀ ခန့် ရှိလာချိန်အထိ ပြန်လည်သတိရ ဖော်ပြလိုသူများ ရှိနေသေးသဖြင့် ဝမ်းမြောက်မိပါသည်။ ပြန်လည်ဖတ်ရှုရသော လူငယ်စာပေသမားများသည် အချိန်ကာ၏ ကွာဟချက်ကို ဖြတ်ကျော်သည့် နားလည်ခံစားမှုကို နှစ်ခြိုက်ကြမည်ဆိုပါက ယနေ့အချိန်ထိ အသုံးတည့်နေသေးသော ဝတ္ထုတိုလေးတစ်ပုဒ်ကို ရေးသားနိုင်ခဲ့ခြင်းအတွက် ပိုပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်မိမည်ဖြစ်ကြောင်း....

**မာန်မြင့်**

***

# မြန်မာပြည်မှာ လုပ်သည်

"မြန်မာပြည်က တယ်ပူပါလား"

အထက်ပါအသံသည် ရန်ကုန်မြို့ တစ်နေရာရှိ ဝင်းခြံကျယ်အတွင်း၌ တည်နေသော တိုက်ကြီး၏ အခန်းတစ်ခန်းမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

အခန်း၏ ပတ်လည်နံရံများကို အပြာနုရောင် ကြွေပြားများ ကပ်ထားသည်။ ပြတင်းပေါက်ကျယ်များ၌ တပ်ဆင်ထားသော ဇာခန်းဆီး ဖြူလွလွလေးများသည် လေငြိမ်သက်နေသောကြောင့် အရွက်ကြီးလှသော မိန်းမပျိုလေးတစ်ဦး မျက်လွှာချထားသကဲ့သို့ ရှိသည်။ ပိုးခေါင်းအုံးများ၊ မွေ့ရာကြီးများ၊ နိုင်လွန်ဇာခြင်ထောင်တို့ဖြင့် တန်ဆာဆင်ထားသော စပရိန်ကုတင်ကြီးတစ်လုံးသည် ခံ့ညားသော ဣန္ဒြေကြီးနှင့်...။

ကုတင်ဘေးရှိ စားပွဲပေါ်တွင်မူ ကက်ဆက်ရေဒီယိုရကော်ဒါ ပုံလှလှလေးသည် နီရဲဖောင်းကြွနေသော နဂါးရုပ်များ၊ ကြွေပန်းအိုးနှင့် အလှပြိုင်နေသည်။ သူတို့ဘေး၌ နိုင်ငံခြားဖြစ် စီးကရက်ဘူးများ၊ အင်္ဂလိပ်ဂတ္တုစာအုပ်များနှင့် ပတ်ကားဖောင်တိန်တစ်လက် ရှိသည်။

စားပွဲအောက်ရှိ စင်ကလေးပေါ်ရှိ ရေခဲဘူးနှင့် အရက်ပုလင်းများ အစီအရီ။ နံရံရှိ ချိတ်တွင် တင်းနစ်ဘောလုံးရိုက်တံနှင့် ကင်မရာတို့ တွဲလွဲခိုနေသည်။

နံရံ၌ ချိတ်ကပ်ထားသော မော်တော်ကားကုမ္ပဏီထုတ် ပြက္ခဒိန်ကြီးထဲမှ ဂျပန်မလေးများသည် ရင်သားများကို မသိမသာဖော်၍ ညုတုတုလေး ပြုံးနေကြသည်။ အခုပင် ပြက္ခဒိန်ထဲမှ ထွက်လာပြီး အနမ်းခံ့တော့မယောင် အသက်ဝင်လှသည်။ သူမတို့နှင့် ပြိုင်နေသူကား ကက်ဦးထုပ်ပြားကြီး ဆောင်း၊ အစင်းကြောင်းများနှင့် ဝတ်ရုံနက်ကြီးကို ခြုံထားသော လူတစ်ဦး၏ ဓာတ်ပုံကြီးဖြစ်သည်။

အစက ဖော်ပြခဲ့သော ညည်းသံကို ပြုသူကား လက်တစ်ဝါးခန့်ရှိ ရုပ်မြင်သံကြားပုံ စားပွဲတင် မီးခြစ်ကလေး ဖြစ်ပေသည်။ သူသည် ယနေ့မှပင် သည်းအခန်းထဲသို့ ရောက်လာခြင်း ဖြစ်သည်။ ထို့ကြောင့် အခန်းတွင်းရှိ အရာမှန်းသမျှသည် သူ့အတွက် မျက်စိစိမ်းများ ဖြစ်နေသည်။ ရောက်ခါစဆိုတော့ ကြောင်စီစီနှင့်ပင်။

သည့်တော့ အခန်းတွင်းရှိ အရာဝတ္ထုဟောင်းများကို မိတ်ဖွဲ့လိုသော သဘောနှင့် ရယ်ကျဲကျဲလေး ပြုံးပြလိုက်သည်။ အိမ်ခံ့ပစ္စည်းများကလည်း အသိအမှတ်ပြုသည့်သဘောဖြင့် ပြန်လည်ပြုံးပြကြသည်။ ပတ်ကားဖောင်တိန်ကမူ အားလုံး၏ ကိုယ်စား နှုတ်သွက်သွက်နှင့် “မိတ်ဆွေကြီးဟာ ကောင်းသောလာခြင်း ဖြစ်ပါစေ… ကျွန်တော်ကတော့ ပတ်ကားဖောင်တိန်ပါ… အလုပ်ကတော့ စာရေးခြင်းပါပဲ”

သူတို့အားလုံးသည် မီးခြစ်ကလေးအား ဘယ်အရပ်က လာသော ဘာကောင်လေးမှန်း မသိကြ။ ပုံလေးကလည်း ကြွကြွရွရွ တောက်တောက်ပြောင်ပြောင်လေး ဆိုတော့ စိတ်ဝင်စားနေကြသည်။

"ကျွန်တော်က မီးခြစ်ပါ"

"အိုး... မီးခြစ်"

အားလုံးက အံ့အားသင့်သွားကြသည်။ သည်လိုမီးခြစ်မျိုး တစ်ခါမှ မတွေ့စဖူး။

"ဟုတ်ပါတယ်... ကျွန်တော်က အခု အမေရိကားမှာ နောက်ဆုံးပေါ် ပုံစံသစ်မီးခြစ်ပါ... သာမန်မီးခြစ်တော့ မဟုတ်ပါဘူး"

မီးခြစ်၏ စကားကို ဝင်နှောက်သူက စားပွဲပေါ်ရှိ အိုမီဂါ လက်ပတ်နာရီ။

"မီးခြစ်ဆိုမှာတော့ ခလုတ်နှိပ်လိုက်ရင် မီးတောက်လေး ထွက်လာမှာပဲ မဟုတ်လား"

မီးခြစ်ကလေးက တဟဲဟဲရယ်လိုက်သည်။ ပြီးတော့...

"မီးတောက်ကလေး ထွက်ရုံကတော့ နိုင်တီဂမ်းတီဂမ်းတုန်းက မီးခြစ်တွေတောင် ရပါတယ်ဗျာ... ကဲ ရှုစားတော်မူပါ" ဟု အစွမ်းတော့ ပြဦးမှဟူသော မျက်နှာထားဖြင့် စကားဆိုသည်။ ပြီးတော့ ခလုတ်ကလေးကို နှိပ်လိုက်ရာ သာယာမြူးကြွသော တေးသံများ ပေါ်ထွက်လာပြီး ရှေ့ပိုင်းမှန်ချက်ကလေးပေါ်၌ အမျိုးသမီးတစ်ယောက်၏ ကခုန်လှုပ်ရှားဟန် ပေါ်လာသည်။ ထိုကချေသည်ကလေးသည် က,ရင်း က,ရင်းနှင့်ပင် ဝတ်ဆင်ထားသော ဂါဝန်များကို တစ်စပြီးတစ်စ ချွတ်ပြနေသည်။

တစ်ခန်းလုံးရှိ ပစ္စည်းများသည် ငေးစိုက်၍ ကြည့်နေကြသည်။ ကိုယ်ခန္ဓာပေါ်တွင် ဘာမျှမရှိတော့ရန် ဘာမျှမလိုတော့သည့်

စက္ကန့်ပိုင်းလေးအတွင်း၌ ရုတ်တရက် တေးသံရပ်၊ ရုပ်ပုံပျောက်၊ ချောက်ခနဲ အံဖုံးပွင့်လာပြီး မီးညှိပြီးသား စီးကရက်တစ်လိပ်သည် ညှပ်ကလေးတစ်ခုဖြင့် ညှပ်လျက် ထွက်ပေါ်လာသည်။

အားလုံး မှင်သက်မိနေကြပြီးနောက်မှ လက်ခုပ်တီး ဩဘာပေးရင်း မှတ်ချက်ချကြသည်။

“မဆိုးပါဘူး… တော်တော်လေး ဆန်းသစ်ပြီး ခေတ်ကြီးနဲ့အမီ အံဝင်ခွင်ကျပါပဲ”

သို့သော် အိုမီဂါ လက်ပတ်နာရီကမူ မထိတထိဟန်ဖြင့် စာဒက တက်လိုက်သေးသည်။

“အင်း… ကောင်းတော့ကောင်းပါရဲ့… ဒါပေမယ့် “ဟာသ” လို ဖြစ်နေမှာတော့ စိုးရသေးတယ်… အင်ဂျင်နီယာတွေဟာ ပြပွဲမှာပြဖို့ တံခါးရွက်ကြီးတစ်ချပ် လုပ်ကြသတဲ့… ထူးဆန်းစေချင်လွန်းလို့ တီထွင်တပ်ဆင်ပေးလိုက်ကြတဲ့ တံခါးရွက်ကြီးဟာ သီချင်းဆိုတတ်တယ်… စကားပြောတတ်တယ်… လေထုံလည်း ပျံ့ပဲလို့ရတယ်… ဒါပေမယ့် ဖွင့်လို့ပိတ်လို့ မရဘူးတဲ့… ဟဲ… ဟဲ”

အိုမီဂါနာရီ ဘာကြောင့် သည်စကားပြောရကြောင်းကို ပါးနပ်သော ကိုပတ်ကားက ကောင်းကောင်းသိသည်။ အိုမီဂါနာရီ၌ ဘဝနာကြည်းချက် အစိုင်အခဲလေး ရှိသည်။ သူသည်လည်း သူ့ခေတ်နှင့် သူ့ရက်ပိုင်းကမူ လူတွင်ကျယ်တစ်ဦး ဖြစ်၏ ။ အလိုအလျောက်သွားသော နာရီစက်၊ မည်းနက်တောက်ပြောင်သော ဒိုင်ခါက်ဆန်း၊ နေ့, လ, ခုနှစ်ပါ ဖော်ပြနိုင်သော အမျိုးအစား ဖြစ်သည်။ ရခါစ၌ အတော်ပင် မက်မက်မောမော အရေးတယူ မချွတ်တမ်း အပတ်ခံခဲ့ရသည်။ သို့သော် သူ့ပိုင်ရှင်ထံသို့ သူ့ထက် လုပပြေပြစ် ကောင်းမွန်သည်ဟု မဆိုနိုင်သည့်တိုင် ပို၍ ထူးဆန်းသော ပုံနှင့် ရာဒိုနာရီ

ရောက်လာသောအခါ နေရာဖယ်ပေးလိုက်ရသည်။ ရာဒိုနာရီကား ကြီးမားကျယ်ပြန့်သော ဒိုင်ခွက်ဝင်းဝင်းလက်လက်တွင် ရောင်စုံစက်ဝိုင်းများ၊ လက်တံကလေးများ ရှုပ်ပွနေ၏ ။ သည်တော့ အပယ်ခံတို့၏ ထုံးစံအတိုင်း အိုမီဂါသည် ဘုစကား နည်းနည်းပြောချင်သည်။ ဘဂဆိုသည် အတက်အကျ၊ အနိမ့်အမြင့် ရှိစမြဲမဟုတ်လား။ တစ်ဦးတက်လာလျှင် တစ်ဦးက နေရာဖယ်ပေးရစမြဲ ထုံးစံ။ သူများရယ်ဖို့ ကိုယ်ငိုမယ်တဲ့ အိုမီဂါရေ… ဟုတ်စ။

အကြောင်းမသိရှာသော မီးခြစ်ကလေးကမူ သိမ်မွေ့စွာ အဖြေပေးသည်။

"ကျွန်တော်ကတော့ မီးလည်းညှိပေးနိုင်ပါတယ်ဗျာ… ဟဲ ဟဲ"

နံရံပေါ်ရှိ ပြက္ခဒိန်ထဲမှ ဂျပန်မလေးတစ်ယောက် ဖော်ရွေစွာ မေးလိုက်သည်။

"ရှင် မြန်မာပြည်ရောက်တာ ကြာပြီလား… ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

မိန်းမချောလေးတစ်ယောက်က ဂရုတစိုက် မေးသည်ဆိုတော့ မီးခြစ်တို့က ဖြေချင်ချင်။

"အမေရိကားကို လေ့လာရေးလာတဲ့ အရာရှိကြီးတစ်ယောက်က ကျွန်တော့်ကို နယူးယော့က ဝယ်ခဲ့တာပဲ…. သူ့အထက်အရာရှိဖြစ်တဲ့ ဒီအိမ်ရှင်ကို နိုင်ငံခြားပြန် လက်ဆောင်ပေ့ါလေ"

"ဟာ.. ဒီအတိုင်းဆိုရင်တော့ မောင်ရင်က ပြည်ပကနေပြီး သည်အခန်းထဲကို အချိန်အတိုဆုံးနဲ့ ရောက်လာတဲ့သူပါလား"

ရေဒီယိုရကော်ဒါ ပြောသောစကားကို မီးခြစ်က အဓိပ္ပါယ်မပေါက်။ ထို့ကြောင့် ဟိုကြည့် သည်ကြည့်နှင့် ရောက်တာမကြာသေးလို့ သဘောမပေါက်။

"ဩော်… မောင်ရင်က ရောက်တာမကြာသေးလို့

သဘောမပေါက်သေးဘူး ထင်တယ်၊ ဒီလိုကွ ဒီလို… ကိုယ်တို့က ပြည်ပကနေပြီး ခရီးလမ်းအမျိုးမျိုးက အခက်အခဲမျိုးစုံနဲ့ ရင်ဆိုင်ပြီးမှ နည်းအမျိုးမျိုးနဲ့ ဒီအခန်းထဲကို ရောက်လာကြရတာ ပဲ… ဒီတော့ မောင်ရင့်လောက်တော့ မဖြောင့်ဖြူးကြဘူးလေ”

“ဟုတ်ကဲ့”

“ကိုယ်ဆိုရင် ကြည့်လေ… ကိုယ်က ဂျပန်ပြည်မှာ မွေးတာ.. ထိုင်းနယ်စပ်ကတစ်ဆင့် တောတောင် မြစ်ချောင်းတွေကို ဖြတ်ကျော်ပြီးမှ ခက်ခက်ခဲခဲ ဝင်ခဲ့ရတာ … ရှာဖွေရေးတွေရဲ့ ကြားကနေပြီး ရန်ကုန်လည်းရောက်ရော ကိုယ့်ကို လူကြိုက်သိပ်များတာပေါ့… ကိုယ်က လှတယ်.. ပေါ့တယ်… လျှပ်စစ်နဲ့ ဖွင့်ဖွင့်၊ ဓာတ်ခဲနဲ့ဖွင့်ဖွင့် ရတယ်…. ပြီးတော့ တိပ်ခွေကြိုးကလည်း စီးကရက်ဘူးလောက်ပဲ ရှိတယ်ဆိုတော့ ယူရ သိမ်းရ လွယ်တယ်လေ… ဟိုကုတင်ဘေးက ကြက်ပေါင်ဖိနပ်ရော… အိုမီဂါနာရီရော… စီးကရက်ဘူးရော ကိုယ့်လိုပဲ လာခဲ့ရတာ ကွ…”

မီးခြစ်သည် ခေါင်းလေးတဆတ်ဆတ် ညိတ်ပြီး…

“ခင်ဗျားတို့ကို ဘယ်သူတွေ ယူခဲ့တာလဲဗျ”

“ဘယ်သူတွေ ရှိမလဲ… မှောင်ခိုသမားတွေပေါ့… ပြီးတော့…”

ရေဒီယိုရကော်ဒါသည် အခန်းပတ်လည်သို့ စိတ်မချဟန် စောင်းငဲ့ကြည့်ပြီးမှ မီးခြစ်၏ နားနားကပ်၍ တိုးတိုးလေး ပြောလိုက်ရာ မီးခြစ်က အံ့အားသင့်သွားသည်။

“ဒီလိုကို ဖြစ်နေသလား”

ပတ်ကားဖောင်တန်က ရှင်းလင်းပွဲကို ဆက်လက်တာဝန်ယူလိုက်သည်။

“ဒါတွေဟာ သိပ်မဆန်းလှတော့တဲ့ အဖြစ်တွေပါ ကိုမီးခြစ်… ဟိုကြွေပန်းအိုးနဲ့ ရေခဲဘူးလေးက တရုတ်ပြည်က လာတာ… ဟို ပေါင်ဒါဘူးနဲ့

စနိုးဘူးတွေကတော့ အိန္ဒိယဘက်က ခေါင်းမြီးခြုံပြီး ဝင်လာကြတာပဲ... ထိုင်းဘက်ကတော့ အမျိုးစုံပေါ့လေ...လူအမျိုးမျိုး စိတ်အထွေထွေဆိုတာလို ကျွန်တော်တို့လည်း နိုင်ငံခြားဖြစ် ပစ္စည်းမျိုးစုံ ဝင်လာပုံ ခရီးအဆန်းဆန်းပေါ့... အဖြစ်မျိုးစုံသာ ပြောရရင်တော့ တော်တော်ရှည်လျားသဗျ... "ငါတို့ခေတ်နှင့်အပြိုင်" လို အတွဲနဲ့ ခွဲပြောရလိမ့်မယ်... ဟော့ ချက်စတာဖီး... မင်းရောက်လာပုံကိုလည်း ရှင်းပြလိုက်ပါဦး"

အမေရိကန်ပြည်ဖါး အသားနီစပ်စပ်နှင့် စီးကရက်ဘူးလေး ချစ်စတာဖီးက ဟန်ပါပါ ပခုံးတွန့်၍

"ကျွန်တော်ကတော့ ရေကြောင်းက ဝင်လာတာပဲခင်ဗျ... ကျွန်တော့်ကို သယ်ယူလာသူကတော့ သင်္ဘောသားတစ်ဦးပါပဲ... ကင့်တို့ ပါးမားတို့လည်း ပါသေးရဲ့... ကျွန်တော်တို့လည်း အများနည်းတူ မှောင်ခိုဈေးနဲ့ သားကောင်းရတနာလေးတွေပေါ့ခင်ဗျာ"

ထိုစဉ် အရက်ပုလင်းက ဝင်ရောပြန်သည်။

"ကျွန်တော်လည်း ပြောစရာလေးရှိလို့ ပြောစမ်းပါရစေ... မူးလို့ပြောတာတော့ မဟုတ်ဘူးနော... ကျွန်တော်ဆိုတဲ့ကောင်က အရက်ကို ဗိုက်ထဲထည့်ပြီး ထိန်းနေရတဲ့ကောင်... ကျွန်တော့်နာမည်က ဝမ်းဟန်ဒရက်ပိုက်ပါးတဲ့... အရမ်းဘာသာပြန်ရင်တော့ ပွေ့ဆရာ တစ်ရာပေါ့လေ... စကော့ဝီစကီပါ... ကျွန်နေတော့်ကို မြန်မာပြည်ထဲ သွင်းခဲ့သူကတော့ ကမ္ဘာ့လှည့်ခရီးသည်တစ်ဦးပါပဲ"

"ကမ္ဘာ့လှည့်ခရီးသည်က ရောင်းခဲ့တာ"

"ဟုတ်တယ်... ခရီးသည်တိုင်းလည်း သူဌေးမှ မဟုတ်တာ... ငွေရပေါက် ရှာရမှာပေါ့"

မီးခြစ်ကလေး ကြားရသမျှအားလုံး အသစ်အဆန်းချည်းပင်။

***

## (၂)

"ဒါဖြင့် ခင်ဗျားတို့ ပြည်ပကနေပြီး ရောက်လာခဲ့ကြတာပေါ့"

"ဒါပေါ့… အားလုံးလိုလို ဝင်လာခဲ့ကြတာပဲ"

"မှောင်ခိုယူလာတယ်ဆိုတာ ဘယ်လိုသဘောလဲ… ရှင်းစမ်းပါဦး… ကိုက်ဆက်ရေဒီယိုရကော်ဒါရဲ့"

"ပြည်ပကုန်ပစ္စည်းတွေကို နယ်စပ်မှာ တိတ်တိတ်သွားဝယ်… တရားဥပဒေကို ချိုးဖောက်ပြီး အခွန်အကောက်မဲ့ တရားမဝင် ပြည်တွင်းကို သွင်းယူပြီး ဈေးကြီးကြီးနဲ့ ရောင်းတာကို ခေါ်တာပါပဲ"

သည်တွင် ပတ်ကားဖောင်တိန်က ဝင်၍ ရှင်းပြပြန်သည်။

"ကျွန်တော်ကျတော့ တစ်မျိုးလေ… အစကတော့ အစိုးရရဲ့ တရားဝင် ဝင်လာတဲ့ပစ္စည်းပဲ… ဒါပေမယ့် မကြာခင်မှာပဲ မှောင်ခိုလေဟာပြင်ဈေးကို ရောက်သွားရတယ်… ဘယ်ကနေဘယ်လို ရောက်သွားသလဲဆိုတာ စဉ်းစားသာကြည့်ပါလေ… အဲဒီ ရောက်တော့ ကျွန်တော် မှောင်ခိုဖြစ်ပြန်ရောဗျ"

မီးခြစ်ကလေး မျက်လုံးပြူးသွားမိသည်။

"ဟောဗျာ… ခင်ဗျားဟာ ပြည်တွင်းကို ဝင်ခဲ့တုန်းက တရားဝင်… ပြည်တွင်းရောက်တော့မှ မှောင်ခိုပြန်ဖြစ်"

ပတ်ကားဖောင်တိန်က ပြုံးလိုက်သည်။

"ဒါ မဆန်းလှပါဘူး ကိုမီးခြစ်… ဘဝရဲ့ အလှည့်ကလေးတွေပေါ့… ဂိုဒေါင်ထဲကနေပြီး ကျွန်တော့်လို ဘဝတဖြစ်လဲရသူတွေ အများကြီးပေါ့…

နို့ဆီဘူးတို့၊ အချိုမှုန့်တို့၊ တက်ထရွန်တို့များ ပိုဆိုးသေးရဲ့”

နောက်ဆုံးစကားကို ဝင်၍ ပြောသူက အိုမီဂါ။ အားလုံး ငြိမ်သက်နေကြသည်။ သင်္ချရလောကကြီး၏ ပြောင်းလဲမှုသဘောတရားကို တွေးနေကြဟန် တူသည်။

ပတ်ကားဖောင်တိန်က စိတ်ပျက်ဟန်နှင့် ခေါင်းကို အသာရမ်းလိုက်ပြီး...

“မှောင်ခိုဆိုတာက တိုင်းပြည်ရော လူမျိုးပါ နစ်နာတယ်... တိုင်းပြည်ရဲ့ ဝင်ငွေတစ်မျိုးဖြစ်တဲ့ အကောက်မရတော့ဘူး... ပြီးတော့ နိုင်ငံခြားဖြစ်တွေကို ပြည်ပမှာ မှောင်ခိုဝယ်ဖို့က နိုင်ငံခြားငွေနဲ့မှ ရတာ ... ဒီတော့ တရားဝင် သတ်မှတ်ထားတဲ့ ငွေလဲနှုန်းထက် အဆအင်မတန် နည်းတဲ့နှုန်းနဲ့ လဲရတော့ နစ်နာပြန်ရော... ဒီထက်ပိုဆိုးတာက လူတွေ အကျင့်စာရိတ္တနဲ့ အတွေးအခေါ် ပျက်စီးလာတာပဲ... ငွေရလွယ်မှန်းသိတော့ မှောင်ခိုတာဟာ လုပ်ငန်းကြီးတစ်ခု ဖြစ်နေတာက အခက်ဆုံး”

“ဒီမှောင်ခိုတွေ ဘယ်လိုလုပ်ပြီး ပေါ်လာရတာ ပါလိမ့်”

“ဒါကတော့ အစိုးရက နိုင်ငံခြားပစ္စည်းတွေကို ချုပ်ကိုင်လိုက်ပြီး လျှော့သွားရင်း ဖြစ်တတ်စမြဲပဲ... လူတေရဲ့ ဝယ်အားက ရောင်းအားထက် ပိုနေတော့ မှောင်ခိုဖြစ်လာရေ... အစိုးရကတော့ နိုင်ငံခြားငွေ မယိုဖိတ်ရအောင်ဆိုတဲ့ စေတနာနဲ့ တကယ်လိုအပ်တဲ့ လူသုံးကုန်တွေလောက်ပဲ တင်သွင်းပေးတာကိုး”

အိုမီဂါက ဖြည့်စွက်ပြန်သည်။

“ပြီးတော့... ကုန်သွယ်ရေးက ပစ္စည်းတွေက အလွယ်တကူ ဝယ်မရနိုင်တာလည်း တစ်ကြောင်းရှိသေးတယ်... ဟို ပန်ကာနဲ့ မီးချောင်းကိုပဲကြည့်... သူတို့ကတော့ မှောင်ခိုမဟုတ်ပါဘူး... ဒါပေမယ့် ဂိုဒေါင်ထဲနဲ့ ဆိုင်ပေါ်မှာကို အကြာကြီး အိပ်ပျော်နေခဲ့ပြီးမှ ဒီအခန်းထဲကို ရောက်လာရတာ ”

"ဒါတွေကို ဘယ်လိုတားဆီးကြမလဲ… ဘယ်လိုနည်းနဲ့ ပပျောက်အောင်လုပ်ရမလဲ"

စာရေးခြင်းဖြင့် အမြဲတမ်း သွေးနေရသောကြောင့် ချွန်ထက်နေသော ပတ်ကားက ပညာရှိသုခမိန်လေသံဖြင့် အဖြေပေးသည်။

"ဒါကလည်း တော်တော်ခက်နေတဲ့ ကိစ္စတစ်ခုပဲ… ပြည်သူတွေအားလုံး နိုင်ငံရေးအသိ ရင့်ကျက်လာမှပဲ ဖြစ်မယ်… ခု ဒီမှောင်ခိုပစ္စည်းတွေကိုမှ ခုံခုံမင်မင် အထင်တကြီး မရမက လိုက်ရှာဝယ်သုံးနေကြတဲ့ လူတန်းစားတွေ ရှိနေသမျှ ပျောက်ဖို့ မလွယ်ပါဘူး"

အိုမီဂါက ဝင်၍ ညည်းညူသည်။

"မပြောချင်တော့ပါဘူးဗျာ… အနုပညာရှင်ဆိုတဲ့ လူတစ်စုကလည်း ပိတ်ကားပေါ်မှာ မှောင်ခိုပစ္စည်းပြပွဲကြီး ကျင်းပနေသလို အပြိုင်ဝတ်ပြနေကြတာကိုး… အခုဆိုရင် မှောင်ခိုပစ္စည်းတွေက သူတို့ကို မှောင်ခိုလို့ခေါ်ရင် တရားစွဲမတဲ့… မဟုတ်တရုတ် လုပ်ကြံပြီး နာမည်ဖျက်မှုနဲ့တဲ့"

"ဘာပြုလို့"

"အေးလေ… သူတို့က လူမြင်ကွင်း မြို့လယ်ခေါင် ပြောင်ချရောင်းတာပဲဟာ… မှောင်ခိုမှ မဟုတ်ဘဲ"

"ဗုဒ္ဓေါ"

ပတ်ကားက လက်ကာပြပြီး "ဘုရားတ,မနေနဲ့ ကိုမီးခြစ်ရ… ဒီနေ့ အမျိုးသမီးတိုင်းလိုလို ဝတ်နေတဲ့ ခရစ်နိုင်လွန်စတွေ၊ ခေါက်ထီးတွေ မှန်သမျှဟာ ဘယ်ပြည်သူ့ဆိုင်ကမှ ပေးတာ မဟုတ်ဘူး… ယောကျ်ားတွေ ပတ်နေတဲ့ နာရီအလုံးတစ်ရာမှာ ကိုးဆယ်ကျော်ဟာ ကုန်သွယ်ရေးမက ရောင်းတာမဟုတ်ဘူး… မှောင်ခို ဘယ်လောက်ကြီးကျယ်သလဲဆိုရင် အခုလူတွေက

ကော်ပိုရေးရှင်း ၂၃ လို့တောင် ပြောင်ခေါ်နေကြတယ်”

“အဲဒါက ဘာအဓိပ္ပါယ်လဲ”

“အစိုးရဖွဲ့ပေးတဲ့ တရားဝင် ကုန်သွယ်ရေးကော်ပိုရေးရှင်း ၂၂ ပဲ ရှိတယ်လေ”

သည်တော့မှပဲ မီးခြစ်ကလေး သဘောပေါက်သွားသည်။

“သြော်.. သြော်... ဒါနဲ့ နေပါဦး.... မြန်မာပြည်ကရော ဘာမှမထွက်ဘူးလား”

သည်တစ်ခါတွင် ပါးမားစီးကရက်ဘူးက အဖြေဝင်ပေးသည်။

“ထွက်သလောက်လည်း ထွက်ပါတယ်ဗျာ... ဒါပေမယ့် ကျွန်းသစ်နဲ့ ကျောက်မျက်ရတနာကတော့ အကျော်ကြားဆုံးပါပဲ... ဇိမ်ခံ လူသုံးပစ္စည်းတော့ ကောင်းကောင်း မလုပ်နိုင်သေးဘူးပေါ့... ဒီတော့ နိုင်ငံခြားဖြစ် ပစ္စည်းကို ဝယ်သုံးသင့်သလောက် သုံးရမှာပါပဲ... ဆိုးတာက ဒီတိုင်းပြည်က လူတချို့ဟာ နိုင်ငံခြားဖြစ်ပစ္စည်း နောက်ဆုံးပေါ်ကို အပြိုင်အဆိုင် လိုချင်ခြင်းရောဂါ ကပ်နေကြတာပဲ... ဥပမာပြောရရင် ဒီကဖြစ်တဲ့ ဒူးယားစီးကရက် အထူးထုတ်ဟာ အတော်ကောင်းတာပဲ... ကျွန်တော်တို့ထက် မညံ့ပါဘူး... ဒါလည်း ကျွန်တော်တို့ကို ဈေးကြီးပေးဝယ်သောက်ကြပြန်တာပဲ... သူတို့က နိုင်ငံခြားဖြစ် ပါးမားတို့ပ၊ ချက်စကာဖီးတို့ ဖွာလိုက်ရမှ ဂုဏ်ရှိတယ် ထင်ကြတာ”

အိုမီဂါက ရေရွတ်လိုက်သည်။

“အလကား ပေါကြောင်ကြောင် အယူအဆတွေ”

“ပေါကြောင်ကြောင် မထင်နဲ့ ကိုယ့်လူ... ဒီတိုင်းပြည်ရဲ့ ခေတ်ပညာတတ် အတော်များများဟာ ဒီအတိုင်းပဲ... တခြားမကြည့်နဲ့... ကိုယ်တို့ရောက်နေတဲ့ အခန်းပိုင်ရှင်ကိုပဲ ကြည့်”

“အခန်းပိုင်ရှင်က ဘယ်သူလဲ”

“အခန်းပိုင်ရှင်က ဦးစိုးမိုးကျော်တဲ့… ကျောင်းတုန်းကတော့ ဒစ်ကီဘကျော်ပါ… တစ်ခုသောဌာနကြီးမှာ ရုံးတစ်ခန်း၊ ဆလွန်းကားတစ်စီး၊ တယ်လီဖုန်း၊ ပန်ကာ၊ စာရေးမ ချောချောလေးတွေ စတဲ့ အရာရှိမြောက် တန်ဆာတွေ အပြည့်အဂ ရထားတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးပေါ့လေ… ဟိုဟာက သူ ဘွဲ့ရထားတုန်းက ရိုက်ထားတဲ့ပုံ”

မီးခြစ်သည် ပတ်ကားဖောင်တိန် ညွှန်ပြရာသို့ ကြည့်လိုက်ရာ ကက်ဦးထုပ်ဆောင်း စင်းကြောင်းပါ ဝတ်ရုံနက်ကို ခြုံထားသော လူတစ်ဦး၏ ဓာတ်ပုံကြီးကို တွေ့လိုက်ရသည်။ ထို့ကြောင့် မီးခြစ်က…

“သူက ဘာဘွဲ့ရတာ လဲ”

“ရန်ကုန်တက္ကသိုလ်က ပေးတဲ့ ဘီအက်စီဘွဲ့လေ… မြန်မာပြည် လွတ်လပ်ရေး မရခင်က ရခဲ့တဲ့ ဘွဲ့ပဲ”

မီးခြစ်ကလေး တော်တော်အံ့အားသင့်သွားသည်။

“ဟင်… မြန်မာပြည်က ပေးတဲ့ဘွဲ့ကလည်း အောက်စဖို့ဒ်၊ ကိန်းဘရစ်တို့ကပေးတဲ့ ပုံအတိုင်းပါလား”

“တူမှာပေါ့… အဲဒီ ကပုံကို တိုက်ရိုက်ကူးယူထားတာကိုး… အေးလေး ဘာပဲဖြစ်ဖြစ် ဒီဝတ်ရုံနက်ကြီး ခြုံလိုက်ရင် လူတစ်ယောက်ရဲ့ ချွတ်ယွင်းအားနည်းချက်တွေဟာ ပျောက်သွားသလိုပါပဲ… အရိုးပိန်နဲ့ တင်၊ ရင် မလှတဲ့မိန်းကလေး တစ်ယောက်ဟာ သူရဲ့ မပြေပြစ်မှုတွေကို ဒီဝတ်ရုံကြီးက ဖုံးကွယ်ပေးလိုက်လို့ နည်းနည်းတော့ ဟုတ်သလိုလိုပေါ့လေ… ဒီတော့ ချွတ်ယွင်းချက်၊ အားနည်းချက်ရှိတဲ့လူတွေ ဒီဝတ်ရုံကြီးကို ဖြည့်စွက်ကြပါလေ… ပြည့်စုံပြီးသား၊ ရင့်ကျက်ပြီးသား လူများအဖို့ ဒီအဆောင်အယောင်တွေ မလိုလှပါဘူး… ကိုယ့်ဘဝလမ်းကို ကိုယ့်အစွမ်းရှိသမဆ လျှောက်ရုံပဲပေါ့”

ပတ်ကားဖောင်တိန်၏ စကားကို ကြားရသောအခါ ဘွဲ့ယူဓာတ်ပုံကြီးသည် မကျေနပ်သော်လည်း ဟန်ဆောင်လောကမှ ပညာတတ်ပီသစွာပင် အပြုံးမပျက် ချေပလေသည်။

“ဟော့ကောင် ပတ်ကား... မင်း သိပ်ကြီးကြီးကျယ်ကျယ်တွေ ပြောမနေပါနဲ့ကွ... သူတစ်ပါး ဦးနှောက်က တွေးပြီး လက်က ခိုင်းလို့ ရေးရတဲ့စာလုံးတွေကို မင်းနှုတ်က ထွက်ရလို့ မင်းကိုယ်ပိုင် အဘိဓမ္မာတွေများ ထင်နေသလား... ငါကတော့ အထင်မကြီးဘူးဟေ့... ဒါပဲ”

“ငါကလည်း မင်းအထင်ကြီးပါစေတော့ရယ်လို့ ပြောတာ မဟုတ်ပါဘူး... မင်းလိုသာ ပြောကြစတမ်းဆိုရင် မင်းလည်း ဘာထူးသေးလဲ... သူများရေးခဲ့တဲ့ စာအုပ် ဆယ့်ငါးခြောက်အုပ် ဖတ်၊ တစ်ရာဖိုးမေးရင် လေးဆယ်ဖို့ ဖြေနိုင်ရင် ဘွဲ့ရရော... ဒါ မင်းကိုယ်ပိုင်ပညာတွေမှ မဟုတ်တာ... ငါ အထင်ကြီးရမှာက လူကိုလား... ပြဋ္ဌာန်းချက် စာအုပ်တွေကိုလား... ဝတ်ရုံနက်ကြီးကိုလား... ပြောစမ်းပါ”

“မင်းပြောတဲ့ စကားတွေက အစွန်းရောက်သွားပြီ ပတ်ကား... မင်းက ဒီလိုပြောလိုက်တာ ငါနဲ့ ငါ့လူ ဘွဲ့ရခေတ်ပညာတတ်တွေအားလုံးကို စော်ကားရုံတင်မကဘူး... မင်း အန္တရာယ်ရှိတယ်နော်... သတိထား”

“ဟား... ဟား... ဒီလို မခြိမ်းခြောက် ချောက်မတွန်းပါနဲ့ကွ... မင်း ပုံကြီးချဲ့မှပဲ ငါ့ကိုယ်ငါ တော်တော်ကြီးကျယ်တဲ့ ကောင်ပါလားလို့ ဘဝတောင် မြင့်ချင်သလိုလို... အဟဲ ဟက်”

သူတို့နှစ်ဦး တစ်စတစ်စနှင့် စကားများလာကြမည်ကို စိုးရိမ်ရသောကြောင့် မီးခြစ်ကလေးက စကားလမ်းလွှဲပေးလိုက်သည်။

“အခု ဦးစိုးမိုးကျော်က ဓာတ်ပုံထဲကနဲ့ ဘာများ ကွာဟချက်ရှိသေးသလဲ”

ပတ်ကားက ဖြေသည်။

“ဟာ… သိပ်ရှိတာပေါ့… ဘွဲ့ယူခါစက ကျောင်းသားဘဝနဲ့ မဝေးသေးတော့ သေးသေးသွယ်သွယ်ပဲ… အခု အရာရှိဖြစ်တာ ကြာတော့ စိုပြည့်ဝဖြိုး ကျက်သရေတိုးနေလိုက်တာ မိုက်ရွှဲကြီးနဲ့ပေါ့ဗျာ”

***

## (၃)

နေမင်းသည် နွေရာသီတစ်နေ့ခင်းအတွက် အစွမ်းကုန် ပူပြီးဖြစ်သဖြင့် အားရကျေနပ်စွာနှင့်ပင် ခရီးဆက်လေပြီ။ တစ်စတစ်စနှင့် မှောင်လာသည်။

“ကျွန်တော် မြန်မာပြည်မရောက်ခင်ကတည်းက မြန်မာပြည်ကို စိတ်ဝင်စားခဲ့ပါတယ်”

“ဆိုစမ်းပါဦး”

ပတ်ကားဖောင်တိန်က မီးခြစ်စကားကို ထောက်ပေးလိုက်သည်။ ကျန်အားလုံးက ဝိုင်း၍ နားစိုက်ထောင်နေကြသည်။ မီးခြစ်ကလေးက…

“မြနမာပြည်ဟာ အရှေ့တောင်အာရှမှာရှိတဲ့ အင်မတန်လှတဲ့ နိုင်ငံကလေးတစ်ခု ဖြစ်ကြောင်း…၊ တိုင်းပြည်က ငယ်ပေမယ့် နိုင်ငံတကာရေးရာအရ အရေးပါတဲ့ နေရာမှာ တည်နေကြောင်း…၊ အဖိုးတန်ကျွန်းသစ်နဲ့ ကျောက်မျက်ရတနာ သယံဇာတ ပေါများကြွယ်ဝတဲ့ အကြောင်းတွေကိုလည်း ကြားသိခဲ့ပါတယ်”

“ပြီးတော့ရော”

“ပြီးတော့… မြန်မာပြည်မှာ နေကြတဲ လူတွေဟာ ဖြစ်သလို ရောင့်ရဲတင်းတိမ်တတ်ပြီး စိတ်ချမ်းသာစွာ နေလေ့ရှိကြတာတွေ…

ပျော်ပျော်နေတတ်တဲ့အတွက် တစ်နှစ်လုံး ပွဲလမ်းသဘင် အက,အခုန်မပြတ် ကျင်းပတာတွေ… မြန်မာပြည်သားတွေဟာ လယ်ယာစိုက်ပျိုးသူတွေ… စိတ်လန်းစိုပြည်တဲ့ လယ်ကွင်းတွေကြားကာ ဖွေးဖွေးဖြူတဲ့ စေတီပထိုး ပေါ်များတာတွေကို ကြားရကတည်းက မြန်မာပြည်ကို သိပ်ရောက်ချင်နေတာ”

“ခုတော့ ဆန္ဒပြည့်ပြီ မဟုတ်လား”

“ရောက်ရရုံပဲ ရှိပါသေးတယ်ဗျာ.. ကျွန်တော် မြင်တွေ့ချင်တဲ့ တောတောင် သဘာဝရှုခင်းတွေနဲ့ အမြဲတမ်း ရယ်မောနေပြီး ဘဝကို ကြံ့ကြံ့ခံလေ့ရှိတဲ့ မြန်မာပြည်သားတွေကို မမြင်ရသေးပါဘူး”

အားလုံးသည် ငြိမ်သက်၍ သွားသည်။ သူတို့သည် မီးခြစ်လေး၏ ဆန္ဒကို ဖြည့်ပေးလိုသော်လည်း သူတို့ရောက်ရှိနေသော နေရာမှာ ရန်ကုန်မြို့၏ ရှားပါးလူတန်းစားတစ်ရပ်၏ နေအိမ်ဖြစ်သောကြောင့် ခက်နေသည်။ အကြောင်းစုံကို သိဟန်မတူသေးတော့ မီးခြစ်ကမူ ဆက်လက်၍ ရင်ဖွင့်နေပြန်ပါသည်။

“မြန်မာပြည်သားတွေဟာ လူတွေတွေပါ.. ကျွန်တော်တို့ ကျေးဇူးတင်စရာကောင်းတာက နိုင်ငံပေါင်းစုံက ပစ္စည်းတွေကို ဝယ်ယူအသုံးပြုနေတာကိုပဲ ခင်ဗျားတို့ စဉ်းစားကြည့်ပါ… ကျွန်တော်တို့ ဒီနေရာရောက်ခဲ့ရတာ ကိုက သူတို့က ဝယ်လို့မဟုတ်လား… ပစ္စည်းဆိုတာ အသုံးချမယ့်သူ မရှိရင် ဘယ်လိုလုပ်ပြီး တန်ဖိုးရှိမလဲ… စက်ရုံထဲမှာ ပုံနေလို့၊ ဂိုဒေါင်ထဲမှာ သိမ်းထားလို့၊ ဆိုင်ပေါ် အလှသက်သက် ပြထားလို့ ဘာလုပ်မလဲဗျ… မဟုတ်ဘူးလား”

ပတ်ကားဖောင်တိန်က ထောက်ခံလိုက်သည်။

“အေး… ဟုတ်တယ်ဗျ၊ မြန်မာပြည်သားတွေဟာ ဘယ်ဘက်ကိုမှ မျက်နှာမလိုက်ဘဲ ကောင်းမယ်ထင်တာဆိုရင် ဝယ်သုံးတာပဲ…

တစ်နည်းဆိုရရင်တော့ နိုင်ငံတကာ ပစ္စည်းများသည် မြန်မာပြည်တွင် ချစ်ကြည်ရင်းနှီးစွာ ဆုံတွေ့ကြပေ့ါလေ”

“အေးလေ… ဘာပဲဖြစ်ဖြစ်ပေ့ါ… ဝယ်ယူအသုံးပြုတဲ့ တိုင်းပြည်ရှိလို့ ကျွန်တော်တို့တိုင်းပြည်က ရောင်းနေရတယ်… ကျွန်တော်တို့ အလုပ်သမားတွေ အလုပ်လုပ်နေရတယ် မဟုတ်ဘူးလားဗျာ”

“အေးဗျ… ခင်ဗျားပြောမှပဲ ကျွန်တော် သဘောပေါက်မိတယ်”

“ဒါဖြင့် ကျွန်တော်တို့ကိုရော ကျွန်တော်တို့ကို မွေးထုတ်ခဲ့တဲ့တိုင်းပြည်ကိုပါ တစ်ဖက်တစ်လမ်းက အကျိုးပြုနေတဲ့ မြန်မာပြည်နဲ့ မြန်မာပြည်သားတွေကို ကျွန်တော်တို့က မလေးစားထိုက်ဘူးလား… ဂုဏ်မပြုသင့်ဘူးလား”

မီးခြစ်၏ အမေးကို အိုမီဂါမှတစ်ပါး အားလုံးကပင် တညီတညာတည်း အဖြေပေးကြသည်။

“လေးစားထိုက်တာပေ့ါ… ဂုဏ်ပြုထိုက်တာပေ့ါ”

မီးခြစ်သည် သူပြောစကားတို့ အောင်မြင်နေ၍ ပီတိဖြစ်သွားသည်။

“ဒါဖြင့် ဂုဏ်ပြုပွဲ လုပ်ကြမယ်… ကန့်ကွက်မယ့်သူ ရှိသလား”

“မရှိပါဘူး…. အားလုံးထောက်ခံတယ်”

အိုမီဂါနာရီကမူ ပုပ်သိုးသိုးမျက်နှာနှင့် ရှုံ့မဲ့၍ …

“အေး ကောင်းတယ်… ထောက်ခံကြ ထောက်ခံကြ” ဟု တီးတိုးပြောလိုက်သည်။ သို့သော် မီးခြစ်ကမူ မကြားလိုက်။

“ဒါဖြင့် ကျွန်တော်တို့ ဂုဏ်ပြုရမယ့် မြန်မာပြည်သားက ဘယ်တော့ ရောက်မလဲ”

"သူက အချိန်မမှန်ဘူးဗျ… တစ်ခါတလေ ညဆွေးနွေးပွဲတွေ ညှော့ခံပွဲတွေ ရှိချင်ရှိတာ"

မီးခြစ်ကလေးသည် စောင့်နေချင်ဟန် မတူ။

"ကဲ…ဒါဖြင့် စတိသဘောမျိုးဖြစ်ဖြစ် ဂုဏ်ပြုပွဲ လုပ်ရအောင်ဗျာ… ဒီအခန်းထဲမှာရှိတဲ့ မြန်မာဖြစ် ပစ္စည်းတစ်ခုကို ဂုဏ်ပြုကြတာပေါ့… ကဲ မြန်မာဖြစ်ပစ္စည်းရှိရင် မတ်တတ်ရပ်ပြပါခင်ဗျာ"

တစ်စုံတစ်ခုကမှ တုတ်တုတ်မလှုပ်။

မီးခြစ်က ပတ်ကားဖောင်တိန်ကို အကူအညီတောင်းသည်။

"ကဲ… ကိုပတ်ကား… မြန်မာဖြစ်ပစ္စည်း ရှာပေးစမ်းပါဦးဗျ"

ပတ်ကားဖောင်တိန်သည် ခေါင်းကို ကုတ်လိုက်ပြီး

"ခက်တော့ ခက်တယ်ဗျ… တော်တော်များများလည်း ဘယ်တိုင်းပြည်က ဖြစ်တယ်ဆိုတာ ခင်ဗျားသိပြီးသားပဲ… ဟိုမှာရှိတဲ့ ဗက်စစ်စတီးနိုင်းတို့၊ ပိုက်လေဘယ်တို့၊ ဟီမလိယပေါင်ဒါဘူးတို့လည်း နိုင်ငံခြားဖြစ်ပဲ… ဟို ကင်မရာက ဂျာမနီလုပ်… တင်းနစ်ဘောလုံးရိုက်တံက အင်္ဂလန်ဖြစ်…. ဟိုပန်းအိုးက ပီကင်းက… သူတို့ထဲ ရောင်စုံအဝတ်ပန်းလေးတွေက အမေရိကန်က အလွမ်းသင့်နေကြတာလေ"

မီးခြစ်က လှမ်းကြည့်လိုက်သောအခါ ပန်းအိုးနှင့် ပန်းတို့က ရယ်ကျဲကျဲလေး ပြုံးပြနေကြသည်။ မီးခြစ်က သူ့ဘေးရှိ ဂတ္တူစာအုပ်များကို အားကိုးတကြီး လှမ်းကြည့်လိုက်သည်။ ကြီးမားဖွံ့ဖြိုးသော ရင်သားများကို အစွမ်းကုန် ဖော်လှစ်ထားသော မျက်နှာဖုံးနှင့် အင်္ဂလိပ်ဂတ္တူစာအုပ်များ ဖြစ်နေ၏ ။ စိတ်ပျက်သွားရပြန်သည်။ စာအုပ်ကမူ သေနတ်ကို ပါးကပ်၍ ခြေတစ်ချောင်းထောက် ရပ်နေသော ဂျိမ်းစ်ဘွန်း၏ မထီတထီရပ်ပုံနှင့်။

သည့်အထဲတွင် မဆီမဆိုင်သည့် အခန်းနှင့် လိုက်လျောမှုမရှိသော စာအုပ်တစ်အုပ်ကို တွေ့လိုက်၍ မီးခြစ်က အံ့အားသင့်သွားသည်။ လီနင်၏ ရုပ်ပုံကြီးနှင့် စာအုပ်တစ်အုပ်။

"ဟေ... ဒီအိမ်ရှင်က ခင်ဗျားလို စာအုပ်မျိုးလည်း ဖတ်သကိုး"

စာအုပ်က မီးခြစ်ကို ဖြေရှင်းသည်။

"ခင်ဗျားက ထူးဆန်းတယ် ထင်သလား... အရင်ကတော့ ကျုပ်ကို ဖတ်တဲ့လူဆိုရင် အနီကောင် ဘာညာနဲ့ အမှုထမ်းအရာရှိလောကမှာ နှာခေါင်းရှုံ့ခံရ၊ အဖိခံရနဲ့မို့ ဖတ်ချင်ရင်တောင်မှ မသိမသာအောင် ဖတ်ရတာ ... အခုတော့လည်း ကျုပ်ထဲက စကားလုံးတွေ ပြောနိုင်မှပဲ လူရာဝင်သလို ဖြစ်နေပြန်ပြီ... အေးလေ... ကျုပ်ကို ဘယ်လောက်ဖတ်ဖတ် အလွတ်ရွတ်ပြနိုင် ပြနိုင် လူတန်းစားမမှန်ရင် လက်တွေ့မကျင့်သုံးနိုင်ရင် အလကားပါပဲ"

မီးခြစ်က ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရင်းက အခန်းတွင်းပတ်လည်ကို ငဲ့စောင်းကြည့်သည်။

ဟော... တွေ့ပြီ.... သူသည် မြန်မာဖြစ်ပစ္စည်းဖြစ်ရန် အကြောင်းများစွာ ရှိသည်။ မီးခြစ်သည် ဘွဲ့ယူဓာတ်ပုံကြီးအား မေးလိုက်သည်။

"ခင်ဗျာ... မြန်မာပြည်ဖြစ် မဟုတ်လား"

"မဟုတ်ပါဘူး... ကျွန်တော်ကလည်း ပြည်ပက လာတာပါပဲ... ဖလင်က ဂျပန်က၊ ပုံကူးစက္ကူက ဂျာမနီက"

"ဒါပေမယ့် ခင်ဗျားရဲ့ပုံက ဦးစိုးမိုးကျော်ရဲ့ပုံပဲ"

"အဲဒါက မီးခြစ်ရဲ့ အမြင် မှားမှုပါ... ဒါက လူ စိုးမိုးကျော် မဟုတ်ပါဘူး.... သိပ္ပံနည်းကျ တွေးခေါ်ပြီး ပြောရမယ်ဆိုရင် မှန်ဘီလူးရဲ့အစွမ်းနဲ့ အလင်းရောင်ကျဆင်းမှုကြောင့် ပုံကူးစက္ကူပေါ်မှာ ထင်ဟပ်လာတဲ့ ဓာတ်တုံ့ပြန်မှုပါ"

မီးခြစ် စိတ်ပျက်ရချေပြီ။ မြန်မာပြည်ရောက်နေသည့်တိုင် အခန်းထဲ၌ မြန်မာပြည်ဖြစ် ပစ္စည်းတွေ့ရန် မလွယ်လှပါလား။ ထို့ကြောင့် အသံထွက်၍ ညည်းညူလိုက်သည်။

"မြန်မာဖြစ်ပစ္စည်း မိတ်အင်မြန်မာ တစ်ခုမှ မရှိကြတော့ဘူးလား... မြန်မာတွေ ဘာမှမလုပ်ကြတော့ဘူးလား"

ပတ်ကားဖောင်တိန်က ဖြေသို့မ်စကားဆိုသည်။

"မြန်မာဖြစ်ပစ္စည်းတွေလည်း အများကြီးရှိပါတယ်ဗျ... မြန်မာပြည်ရှိ လူအများစုဟာ ဒီပြည်တွင်းဖြစ် ပစ္စည်းတွေနဲ့ပဲ အသက်ရှင်နေတာပါ.... ဒါပေမယ့် ဒီအခန်းထဲ၊ အိမ်ထဲမှာ တွေ့ဖို့ကတော့ မလွယ်လှဘူး... ဒီတစ်အိမ်လုံး စားပွဲကုလားထိုင်ကအစ ရေခဲသေတ္တာ၊ မော်တော်ကားထိ ပြည်တွင်းဖြစ်ကို မပါဘူး... မပါအောင်ကို တမင်ဝင်ထားတာ... ခင်ဗျားရောက်နေတာ နေရာမှားနေတယ် ကိုမီးခြစ်၊ ဒီအသိုင်းအဝိုင်းဟာ နိုင်ငံခြားဖြစ်ကိုသုံးမှ ဂုဏ်ရှိတယ်လို့ ထင်နေတဲ့ လူတန်းစားထဲက တစ်ယောက်ရဲ့ အိမ်"

မီးခြစ် တော်တော်ဂမ်းနည်းသွားသည်။ မျက်နှာညှိုး၍ နှုတ်ဆိတ်သွားသည်။

ထိုစဉ် တခြားဘက်ခန်းမှ တေးသံများ ကြားရသည်။ ဆွဲဆွဲငင်ငင် အော်ဟစ်၍ ဆိုနေသော အင်္ဂလိပ်သီချင်းသံသည် ဆူညံသော ဂီတသံများ၊ ဗုံသံများနှင့်အတူ ပေါ်လာသည်။

"ဒါ ဦးစိုးမိုးကျော်ရဲ့ သမီး ဒက်ဖနီ ဖွင့်နေတဲ့ ဓာတ်ပြားသီချင်းတွေလေ"

ပတ်ကားဖောင်တိန်၏ ပြောစကားကို ကြားရသော် မီးခြစ်က သေချာစွာ နားထောင်ပြီး...

"ဒါက ပက်ဘွန်းသီချင်းပဲ... မြန်မာ့ရိုးရာ တေးသွားလေးတစ်ခုလောက်

ကြားရရင် သိပ်ကောင်းမယ်ဗျာ” ဟု တမ်းတလိုက်သည်။ သို့သော် ဓာတ်ပြားသာ တစ်ချပ်ပြီးတစ်ချပ် လဲသည်။ ပရက်စလေ၊ ဘိတယ်၊ ရှဲဒိုး၊ ရိုးလင်းစတုန်း၊ ဒုန်းဒုန်း ဂွမ်ဂွမ် ဒိန်းဒိန်း ဒေါင်ဒေါင်... သီချင်း၏ စာသားကျတော့လည်း မင်းနှုတ်ခမ်းကို တစ်သက်လုံး ကိုက်ထားချင်တယ်တို့ ဘာတို့။

ပတ်ကားဖောင်တိန်က အကြံပေးသည်။

“ကိုကက်ဆက်ရကော်ဒါ... ခင်ဗျားသီချင်းတွေ ဖွင့်ပြလိုက်ပါလားဗျ... မြန်မာသီချင်းတွေပဲဟာ”

ရကော်ဒါက လက်ကာပြရင်း...

“အာ မလုပ်နဲ့ မလုပ်နဲ့... မီးခြစ် စိတ်ပျက်ပြီး သတ်သေသွားလိမ့်မယ်... ငါ့ဆီမှာရှိတဲ့ သီချင်းတွေက မင်းတို့ကြားဖူးတဲ့အတိုင်း ဘုရားစူးကျိန်ပြောရမယ့် မြန်မာသီချင်းဟ.... နိုင်ငံခြား ဓာတ်ပြားထဲက တီးလုံးတွေကို မြန်မာစာသားထည့်ပြီး အင်္ဂလိပ်သံနဲ့ ဆိုထားတာတွေ... မင်းတို့တောင် ဘယ်လောက် နားကလောနေလှပြီလဲ... ဘာတဲ့ ခေါင်းတုံးတုံးတာ ဘွားဘွားတို့ မုန်တယ်ဆိုတဲ့ သီချင်းများ ဘယ်လောက်ကြောင်တဲ့သီချင်းလဲ”

“အမယ်လေး... ဒါမျိုးဆိုရင်တော့ တော်ပါပြီ တန်ပါပြီ... နှစ်ဖက်ဆလံပါပဲ”

မီးခြစ်က ကြိုတင်၍ တောင်းပန်ရှာ၏ ။ ပတ်ကားဖောင်တိန်က သူ့ပြက်လုံးသူ သဘောကျစွာနှင့် ရယ်ရင်း...

“သရုပ်ပျက်လို့ မပြောပါနဲ့ကွာ... သူတို့ခမျာ ပင်ပင်ပန်းပန်း မြန်မာမှု ပြုထားရတာ တွေပါ” ဟု ဆက်လိုက်လျှင် အိုမီဂါက လေသံခပ်မာမာနှင့် အပြတ်ပြောလိုက်သည်။

“တော်စမ်းပါ... ဘယ်က မြန်မာမှုရမှာလဲ... တိုက်ရိုက် ပုံတူကူး

ခိုးချတာတွေကို သူတို့မို့ မရှက်တတ်ဘဲ အဟုတ်ကြီး လုပ်နေကြတယ်… အနုပညာစစ်စစ် မဖြစ်တတ်ကြလို့ ဖြတ်လမ်းက သရုပ်ပျက်တာတွေများ… ထွီ”

***

## (၄)

မကြာမီ ဖိနပ်သံ တဒေါက်ဒေါက် ကြားရပြီး အခန်းထဲသို့ လူတစ်ယောက် ဝင်လာသည်။ သူက ခလုတ်များကိုဖွင့်ရာ လျှပ်စစ်မီးရောင် ထိန်လင်းသွားပြီး ပန်ကာပါ စတင်လည်ပတ်လာသည်။

မီးခြစ်က ဝင်လာသူကို သေချာကြည့်လိုက်၏။ တက်ထရက်ဘောင်းဘီရှည်နှင့် ရှူးဖိနပ်နှင့် အပေါ်ကွက်အကျႌနှင့် နက်ကတိုင်နှင့် တကယ့်ဥရောပသားကြီးဟန်။

သူသည် နက်ကတိုင်ကို ဆွဲဖြုတ်ပြီး စားပွဲပေါ် ပစ်တင်လိုက်သည်။ ဘောင်းဘီရှည်ကို ချွတ်ချလိုက်သောခါ မီးခြစ် မျက်လုံးပြူးသွားမိသည်။ တော်ပါသေးရဲ့ အောက်ခံနိုင်လွန် ဘောင်းဘီလေး ရှိနေလို့။ ဘောင်းဘီတိုဤ ဇီးရိုးဇီးရိုးဆဲပင်းတံဆိပ်လေးက ဝင်းလက်နေသည်။

ထိုစဉ် အသက်သုံးဆယ်ကျော် မိန်းမတစ်ယောက် ဝင်လာသည်။ သူကသည် လိုအပ်သည်ထက် ပိုနေသော မွမ်းမံမှုများကြောင့် နုပျိုနေသလိုလို။ တစ်ကိုယ်လုံး တောက်ပသော အဝတ်အစားများနှင့် မျက်နှာကလည်း မိတ်ကပ်များနှင့် နီနီတီတီ၊ မျက်ခွံက ပြာတာတာ။

ယောကျ်ားကား အသက်လေးဆယ်ကျော်၊ သူသည် မိန်းမ၏ လက်ထဲ၌ ပါလာသော ညဝတ်အကျႌပါးပါးကို ယူ၍ ဝတ်လိုက်သည်။

“ဂွတ်နိုက် ဒါလင်”

"နိုက် ဒါလင်... ဆွိဒရင်း ဖော်ယူ"

ယောက်ျားကြီးသည် မိန်းမကို တံခါးဝထိ လိုက်ပို့ပြီး ပြန်လှည့်လာသည်။ သူ၏ ခြေလှမ်းတို့သည်လည်း ဟိုယိမ်း သည်ယိုင်နှင့် အရက်မူးလာဟန် ရှိသည်။ သူ့နှုတ်ဖျားက "င့ါချစ်သူ ဘယ်မှာလဲ" ဟူသော အင်္ဂလိပ်သီချင်းကို မပီမသ ရွတ်လာပြီး ကုတင်ပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်သည်။ မီးပိတ်ဖို့ပင် သတိမရ။ မကြာမီပင် အိပ်ပျော်သွားသည်။ ပတ်ကားဖောင်တိန်က မီးခြစ်အား ရှင်းပြသည်။

"ဒါ ဦးစိုးမိုးကျော်လေ... ခုနက သူ့မိန်းမ"

သို့လော သို့လော တွေးနေသည့် မီးခြစ်ကလေးက...

"ကျွန်တော်က သူ့ကို နိုင်ငံခြားဧည့်သည် မှတ်နေတာ"

"အေးပေ့ါလေ... ခင်ဗျားထင်မယ်ဆို ထင်စရာပါပဲ... ဦးစိုးမိုးကျော်က နိုင်ငံခြားမှာ ပညာတော်သင်ဘဝနဲ့ တော်တော်ကြာခဲ့သေးတာကိုး။ ခုလည်း မကြာခဏ နိုင်ငံခြား သွားနေရတော့ သူ့ရဲ့ ဝတ်စားပုံက သိပ်အနောက်ဆန်တာပေ့ါ... ကြည့်လေ ညမှာတောင် တစ်ခန်းစီ ခွဲအိပ်ကြတယ်"

"အင်းပေ့ါလေ... ကျွန်တော် စိတ်ကူးထားတဲ့ မြန်မာပြည်သားက အသားညိုညို၊ ထောင်ထောင်မောင်းမောင်းကိုးဗျ.... ခုတွေ့ရတာ က အသားနုဖတ် ဖြူဆွတ်နေတဲ့... စိုပြည်နေတဲ့... ဝက်နဲ့တူတဲ့ လူတစ်ယောက်"

"ကိုမီးခြစ်ရယ် ခက်ပဲခက်ရချည့်ရဲ့... အိမ်ကနေ ကားကလေးနဲ့ ရုံးခန်း ပန်ကာအောက်မှာ ဖောင်တိန်ကိုင်နေရတဲ့ သူဗျ.... အစားကောင်းကောင်း၊ ဝဝလင်လင် စားရတဲ့လူဗျ။ အသားမဖြူဘဲ မနုဘဲ မဝဘဲ နေရိုးလားဗျာ... ကဲ ခင်ဗျား လုပ်စရာရှိတာ ဆက်လုပ်ပေတော့"

မီးခြစ်က နားမလည်ဟန်ဖြင့်

"ဘာလုပ်ရမှာလဲ ကိုပတ်ကားရဲ့"

"ခင်ဗျား ဂုဏ်ပြုမယ်ဆိုတာလေ..."

မီးခြစ်သည် ယခုမှပင် သဘောပေါက်သွားသည်။

"ဟာဗျာ... ဒါကြီးတော့..."

"ဒါကြီးတော့လို့ လုပ်မနေနဲ့ ကိုမီးခြစ်ရေ... သူလည်း မြန်မာပြည်သား တစ်ယောက်ပဲ... သူ့ဘာသာ ဘာဂမမှန်တာကို ထားကြဦးစို... အရိုးများသော ချေးခါးသော လုပ်နေရင် ဒီအိမ်မှာ ဂုစ်ပြုစရာမရှိဘဲ ဖြစ်သွားလိမ့်မယ်... ကဲပါဗျာ ကျပ်ပြည့်မရလည်း သုံးမတ် ငါးမူးနဲ့ပဲ ကျေနပ်ကြတာပေ့ါ"

မီးခြစ်သည် အောင့်သက်သက်နှင့်ပင် ကျေနပ်လိုက်ရသည်။

အခန်းတွင်းရှိ ပစ္စည်းအားလုံးသည် ဦးစိုးမိုးဈေကာ်ဘက်သို့ တညီတညာတည်း လှည့်လိုက်၏။ မီးခြစ်က မိန့်ခွန်းပြောသေး၏။

"ကျွန်တော်တို့ကို ဝယ်ယူအသုံးပြုတဲ့ မြန်မာပြည်သားကြီးကို ဂုဏ်ပြုပါတယ်... လေးစားပါတယ်"

လေးပါးစားတယ်ဟူသော စကားလုံး၌ မူ မီးခြစ်သည် တော်တော်အားယူ ပြောရလေသည်။

"နောင်ကိုလည်း ဒီထက်ပိုပြီး ဝယ်နိုင်ပါစေလို့ ဆုတောင်းပါတယ်... ပြီးတော့ ဒီအိမ်ရဲ့ ရှားရှားပါးပါး မြန်မာဖြစ်ပစ္စည်း မိတ်အင်မြန်မာကို တွေ့ခွင့်ရလို့လည်း ဂမ်းသာခြင်း ဖြစ်မိပါတယ်... ကဲ မိတ်အင်မြန်မာကို အလေးပြု"

အိုမီဂါမှတစ်ပါး အားလုံးပင် ဦးစိုးမိုးကျော်အား ဦးညွတ်၍ အလေးပြုကြသည်။ အိုမီဂါကမူ ကန့်ကွက်သောအားဖြင့် ရင်ကိုကော့၍ ခေါင်းကိုမော့ထားသည်။ သို့သော် ကျန်အားလုံးမှာ ခေါင်းငုံ့နေ၍ မသိကြ။ ဆန့်ကျင်ဘက် ပဋိပက္ခကလေးရှိမှ တိုးတက်မည်ဟု ဆိုထားသည် မဟုတ်လား။

သူ့အား အလေးပြုနေကြကြောင်းကို နိုင်ငံခြားဖြစ် အရက်ခိုးများ

ရီဝေဝေယစ်မူးလျက် အိပ်မောကျနေသော မြန်မာပြည်တွင်းဖြစ်ကြီး ဦးစိုးမိုးကျော်
(မိတ်အင်မြန်မာ) ကမူ လုံးဝသိလိုက်မည် မဟုတ်။ အိပ်မက်ထဲတွင် ဖလင့်နှင့်
ဂျိမ်းစ်ဘွန်းအား နှစ်ယောက်တစ်ယောက် ပေးပြီး အနိုင်ထိုးသတ်ကာ
ဘရစ်ဂျစ်ဘားဒေါ့အား ဘိုနမ်း နမ်းနေပြီလား မဆိုနိုင်။

အေးလေ… မသိတာပဲ ကောင်းတောင်းတောင်။

**မိုးဝေမဂ္ဂဇင်း၊ ၁၉၇၁ စက်တင်ဘာလ**

***


တကယ်မှာ ရှိပါလေးရဲ့
ရှိပါလေးရဲ့



# နေဝင်းမြင့်

အမည်ရင်း - ဦးခင်မောင်ဝင်း

ကလောင်အမည် - နေဝင်းမြင့်

ပထမဦးဆုံး ပုံနှိပ်စာမူ - "ခေတ်ပေါ်မြန်မာ့ဇာတ်သဘင်ရဲ့ အပြင်အကျ။" (မိုးဝေမဂ္ဂဇင်းပါ ဇာတ်သဘင်ဆောင်းပါး)

ရရှိခဲ့သော ဆု - "ဆယ့်နှစ်ကြိုးဂဝ္ထုတိုများ" ဝတ္ထုတိုပေါင်းချုပ် (အမျိုးသားစာပေဆု)

"မျိုင်းမည်းနှင့် အခြားဝတ္ထုတိုများ" ဝတ္ထုတိုပေါင်းချုပ် (စာပေဗိမာန်ဆု)

"ကျွဲပွဲ" ဝတ္ထုရှည် (ဒုတိယအကြိမ် ရွှေအမြုတေစာပေဆု၊ ၂၀၀၇)

"ရိတ်သိမ်းချိန်လွန်မြို့ပြ" (သုတစွယ်စုံစာပေဆု)

"ကွဲအက်နာရီ" ဝတ္ထုတို (မင်းသစ်စာပေဆု)

"ရီမုတ်ကွန်ထရိုး" ဝတ္ထုတို (ဖြူးမိတ်ဆွေများ စာပေဆု)

"အိမ်လေး ၁၆ လုံး" ဝတ္ထုတိုပေါင်းချုပ် (အမျိုးသားစာပေဆု)

နေရပ်လိပ်စာ - ၈၁/၈၄၊ မြို့သစ် ၂ ရပ်ကွက်၊ အလက (၁၃) ကျောင်း အနောက်၊

၆၇ နှင့် ၆၈ လမ်းကား ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့

ဖုန်း ၀၉ ၂၀၁၃၂၆၆

ရေးဖြစ်ရခြင်း

ကျွန်တော်သည် ဝတ္ထုတိုကို ၁၉၉၅ ခုနှစ် ဝန်းကျင်က ရေးခဲ့တာဆိုတော့ ဆယ့်သုံးလေးနှစ်လောက် ရှိပါပြီ။ သည်ဝတ္ထုကို ခရီးသွားရင်း ဇာတ်ကျောရိုးလောက် ကြားခဲ့ရာက ရေးဖြစ်သွားတာပါ။ ပေဖူးလွှာမဂ္ဂဇင်းမှာ ဆရာအောင်သင်းက "အကြိုက်ဆုံးဝတ္ထုတို" အဖြစ် ရေးတဲ့အခါ "နေဝင်းမြင့်ကတော့ သူ ကြားဖူးတာကို ဟန်ကျအောင် ရေးနိုင်ပါပေတယ်" လို့ ရေးခဲ့တာ မှတ်မိပါတယ်။ ဝတ္ထုတိုဆိုတာကလည်း ကြားသမျှ မြင်သမျှ ခံစားရမသျှ လောကသဘာဝ လူ့သဘာဝ ဟန်ကျအောင် ရေးရတာ မျိုးပဲ မဟုတ်လား။ ဟန်ကျအောင် ရေးဖြစ်ခဲ့တဲ့ ဝတ္ထုတိုတစ်ပုဒ်လို့သာ ဆိုပါရစေတော့...။

**နေဝင်းမြင့်**

***

## ထဘီဖာ လိုပါသေးရဲ့ တဘက်ဖာ လိုပါသေးရဲ့ ဘီးနှင့်မှန် လိုပါသေးရဲ့

## (၁)

ရွာသူကြီးဟောင်း ကိုတက်ရိုးက ဖလံကျင်းသူ မမြသင်နဲ့

မင်္ဂလာဆောင်တော့မယ်ဆိုတော့ သက်ကယ်တန်းတစ်ရွာလုံးက ရယ်လိုက်ကြတာ အုန်းအုန်းထလို့။ တချို့ကတော့လည်း မရယ်နိုင်ကြဘူး။ ကိုယ့်ရွာသူကြီးဟောင်းကို သိပေမယ့် ဖလံကျင်းသူ မမြသင်ကို တချို့က မမြင်ဖူးကြပဲကိုး။ သက်ကယ်တန်းနဲ့ ဖလံကျင်းဆိုတာက တစ်နယ်တော့ တစ်နယ်တည်းပဲ။ ဒါပေမယ့် နည်းနည်းတော့ လှမ်းတယ်။ နေ့ဝက်ခရီးလောက် သွားရတယ်။ မမြသင်က သက်ကယ်တန်းက ရီးပေါက်စတို့နဲ့ ဆွေရိပ်မျိုးရိပ် မကင်းတော့ သက်ကယ်ပျစ်ချိန်ဆိုရင် သက်ကယ်ပျစ်ချိန် တစ်နှစ်တစ်ခေါက် ရောက်လာတတ်တယ်။ အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်းကလေးနဲ့၊ ရှိလှမှ အသက်က နှစ်ဆယ်ကျော်ရင် တစ်နှစ်ပဲ။ ရွာက သူကြီးဟောင်း ကိုတက်ရီးကတော့ အသက် ခုနှစ်ဆယ်ဖျက်လို့ ရှစ်ဆယ်သီသီဝေ့နေပြီ။ ကညာပျိုနဲ့ ဇရာအိုရယ်လို့တောင် မဟုတ်တော့ပါဘူး။ တချို့က မြေးအဘိုးတဲ့။ တချို့လည်း နှမြောလို့တဲ့ စုတ်သပ်သပ်နဲ့။ တချို့ကလည်း ဘဝအကြောင်းကို တော်ရဲ့တဲ့။ တချို့ယောကျ်ားတွေကတော့ မိန်းမလေးနှယ် ကြိုက်စရာရှားလို့ကွာ.. ချီး ဆိုတဲ့ အာခံတွင်းသံကြီးနဲ့။

ဘာပဲဖြစ်ဖြစ်လေ၊ ပဲ နှမ်းလေး ပေါ်တာနဲ့ မင်္ဂလာဆောင်တော့မယ် ဆိုတာကတော့ သေချာနေပြီ။ ရီးပေါက်စကပဲ ကမကထလုပ်ပြီး မကွေးဘက်တက် လက်ဖက်လေး ဆေးလေး ဝယ်လို့၊ အိပ်ရာခမ်းနားလေး ဝယ်လို့။ မမြသင်ဖို့ အဝတ်အစားလေး ဘာလေး ဝယ်လို့ တတိတိနဲ့ လုပ်နေကြပတဲ့။ မမငြသင်ဘက်က မိဘဆွေမျိုးများကလည်း သက်ကယ်တန်းကို လိုက်လာလိုက်တာ နှစ်ခေါက်တောင် ရှိပတဲ့။

***

## (၂)

သူကြီးဟောင်း ကိုတက်ရီးလို့သာ ပြောရတာ ၊ ဘကြီးတက်ရီး

ဒါမှမဟုတ် ဘိုးတက်ရိုးတောင် ဖြစ်နေပါပြီ။ သျှောင်တစောင်းကလေးနဲ့ ပိတ်ဖြူကလေး ကပိုကရို တစ်ခွေပတ်ထားတတ်တာလည်း ရှိရဲ့။ ကြာဆံချောင်းတွေကို အမျှင်မျှင်ထလို့။ သွားဆိုတာလည်း ဘယ်တုန်းကမှ တိုက်ခဲ့ပုံမရဘူး။ နီညစ်ညစ်နဲ့။ ကွမ်းသွားချေးတွေ တက်နေလိုက်တာလည်း ရွံစရာကြီး။ သည်ကြားထဲ သွားတွေက ကျိုးနေလိုက်သေးတယ်။ စိုက်သွားလေး ကူထားလို့ ပါးချိုးပါးချောင်တော့ သိပ်မကျလှသေးဘူး။ အသားကတော့ တောသူတောင်သားပီပီ ညိုတဲ့ဘက်ကျော်ပြီး မှောင်တဲ့ဘက် ရောက်နေလို့ သူနဲ့ ရာထူးတူတဲ့ သူကြီးချင်းတောင် သက်ကယ်တန်းသူကြီးက နချီပိုးထိုးတဲ့။

သူ့ သူကြီးဘဝတုန်းကတော့ ဘာအကြောင်းလဲ။ သူကြီးအာဏာ လက်တစ်ဆုပ်လောက်နဲ့ ပေမယ့် ရွာမှာတော့ ဖိန့်ဖိန့်တုန်ထဲကပဲ။ ရွာဘုရားပွဲတွေမှာ သူများသူကြီးတွေလို နှစ်လုံးပြူးတွေ ဘာတွေ ကိုင်မနေပါဘူး။ ဝါးရင်းတုတ်ကြီးကြီး လက်တစ်ကိုင်လောက်ကို သူ့အရပ်နဲ့ တိုင်းဖြတ်ပြီး ကိုင်ထားရုံပဲ။ သူ့နောက်က ရာအိမ်မှူး ငမှုံကို ခေါ်ခဲ့ပြီး ပွဲခင်းတစ်ခင်းလုံး လှည့်နေတော့တာ။

သက်ကယ်တန်းသူကြီး ကိုတက်ရိုးဆိုလို့ကတော့ မူးတဲ့လူတောင် အမူးပြေလောက်အောင် ကြောက်တယ်။ မိုက်လို့ ဆိုးလို့များတော့ ရိုက်စရာရှိရင် ကျွဲရိုက်နွားရိုက်ပဲ။ လူတိုင်းတော့ အကြောင်းမဲ့ ရိုက်နှက်နေတာ မဟုတ်ပါဘူး။ တော်တော်ဆိုးမှပါ။ သူပိုင်တဲ့ လယ်တွေ ချောင်းတွေဆိုတာကလည်း မပြောနဲ့တော့။ အနောက်ကွင်း နတ်ကွန်းစင်ဘက်ကနေ လက်ညှိုးသာ ထိုးလိုက်၊ ဖြစ်နားတန်းညို့ညို့အထိက သူ့လယ်ချည်းပဲ။ မြေပဲခင်း၊ နှမ်းခင်းဆိုတာတော့ မမြင်ချင်အဆုံး။

အရက်ကလေးကလည်း ကြိုက်တယ်။ ဒါလည်း တမင်ကျင့်ထားရတာ ။ ဝန်ထောက်တို့၊ မြို့ပိုင်တို့လာရင် ဒါမှ အဆင်ပြေတာကိုး။ ကက်တော့ တော်တော်ဝါသနာကြီးတယ်။ သူကြီးရင့်မကြီးလုပ်ပြီး နေ့လယ်နေ့ခင်း ဈေးလယ်ကောင် ကပ်သွားဆွဲချင် ဆွဲနေတတ်တာ။ ဝါးရင်းတုတ်ကြီးနု

ဆိုင်ဘေးထောင်ပြီး တစ်နေကုန် ထုံးခွေကြေး ကက်ဆွဲကြတော့ သူ့မျက်နှာ ထုံးတွေ အစင်းလိုက်ပဲ။

သူများမျက်နှာတွေလည်း ထုံးတွေ အချောင်းလိုက်ပဲ။ ညနေ မိုးချုပ်ခါနီး ကက်ဝိုင်းပြီးလို့ ပြန်လာရင် မျက်နှာသစ်လာတာ မဟုတ်ဘူး။ ထုံးကြောင်းအရစ်အရစ်တွေနဲ့ သည်အတိုင်း အိမ်ကိုပြန်လာတာ။ အိမ်ရောက်မှ မျက်နှာသစ်တယ်။ (သူကြီးဆိုတော့လည်း မျက်နှာက ထုံးတွေနဲ့ ရယ်စရာကြီး ဖြစ်နေပေမယ့် လမ်းတွေ့တဲ့လူကလည်း မရယ်ရဲဘူး)

“ကနေ့ အဖေချည်းရှုံးတာပဲ သမီးရေ…” ဆိုပြီး အိမ်ပေါ်တက်လာတော့ သမီးကြီး (တတိယသမီး) တင်ဥက “အဖေကလည်း သူကြီးလုပ်နေပြီး မျက်နှာ ထုံးတွေနဲ့ မရှက်ဘူးလား” လို့ အမြဲပြောတတ်တယ်။

“ဟ… သူကြီး ဘာဖြစ်တုန်း… သူကြီးလည်း လူပဲဟ” ဆိုပြီး မျက်နှာသစ်တယ်။ နောက်တစ်နေ့ နေ့လယ် ကက်ဝိုင်းသွားမြဲပါပဲ။ တစ်ခါတလေ ကစားဖက်က နိုင်လို့ သူကြီးမျက်နှာ ထုံးမခွေရဲဘူးဆိုရင်…

“ဟကောင် ခွေလကွာ… သူကြီးမို့ ထုံးမခွေဘူးဆိုရင် ဘယ်တရားပ့ါမလဲကွ… ကက်ဆွဲရတာ ဘယ်အရသာ ရှိတော့မှာလဲ… လုပ်ပါ ငါ့ကောင်ရ… ခွေပါ” လို့ ပြောပြီး မျက်နှာထိုးပေးတတ်တယ်။ တကယ်က ကိုတက်ရိုးက သူကြီးမျိုးရိုး မဟုတ်ဘူး။ ပညာကတော့ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်းလောက်ပါပဲ။ သူ့အရင် သက်ကယ်တန်းသူကြီးက ကိုကံရင်တဲ့။ အဲဒီ တုန်းက ကိုတက်ရိုးက သူကြီးရဲ့ ညာလက်ရုံး၊ သူကြီးကိုကံရင်မှာ သားမရှိဘူး။ သမီးတွေချည်း မွေးထားတာ၊ သူကြီး ကိုကံရင် အသက်ကြီးတော့ သူ့သမီးတွေထဲက မကျင်လှကို ကိုတက်ရိုးနဲ့ ပေးစားတယ်။ ဒါဘာပွဲတို့ မင်းပွဲတို့မှာ ကိုတက်ရိုးကို ပွဲထုတ်တယ်။ ကိုကံရင် သေတော့ သမက် ကိုတက်ရိုးက သူကြီးဖြစ်လာတာပါပဲ။ သူကြီးဖြစ်တဲ့နှစ်က ကိုတက်ရိုး ပိုက်ဆံတော်တော်ကုန်တယ်။ မြို့ပိုင်တို့၊ နယ်ပိုင်တို့ ရွာကို ကြွလာတော်မူတယ်ဆိုရင် ကိုတက်ရိုးက အရိုးခံမဟုတ်လား။ ဘာမှ

မလုပ်တတ်ဘူး။ သူ့မိန်းမ မကျင်လှက သူကြီးသမီးဆိုတော့ ဘာလုပ်ရမလဲဆိုတာ သိတယ်။ ဒီလို ဒီလို လုပ်ပေ့ါ။ ဒီဟာ ဒီဟာ ကျွေးပေ့ါ။ ဒါလေး ဒါလေး ပေးပေ့ါဆိုတော့သူကြီးပါး ဝသွားတော့တယ်။

မကျင်လှနဲ့က နှစ်အစိတ်လောက် ပေါင်းလိုက်ရတယ်။ မကျင်လှ မီးယပ်သွေးဆုံးနဲ့ သေတော့ ကိုတက်ရိုးက ငါးဆယ်ကျော်ရုံ ရှိသေးတယ်။ အရွယ်ကောင်းတုန်း။ သားနှစ်ယောက်၊ သမီးသုံးယောက် ကျန်ရစ်တယ်။ ငတင်တဲ့၊ ငမှင်တဲ့၊ မတင်ဥတဲ့၊ မကျင်နုတဲ့၊ မခင်ပုတဲ့။

သားကြီး ကိုတင်က ခေတ်ပညာတတ်တယ်။ မကွေးမှာ ကျောင်းထားတယ်။ သူကြီးလည်း လုပ်ချင်ပုံမရတော့ သားလတ် ကိုမှင်ကို နားသွင်းရတယ်။ သူကြီးလက်စွဲလေးဘာလေး ဖတ်ခိုင်း၊ ရပ်အမှု ရွာအမှုတွေ စစ်တော့ နားထောင်ခိုင်း၊ သူကြီးအစည်းအဝေးလေး ဘာလေး စာရင်းလုပ်ခိုင်း၊ ကောက်ခိုင်းနဲ့ သူကြီး ထရိန်နင်ပေးလိုက်တာ ရွာက တော်ရုံကိစ္စ ကိုမှင်နဲ့တင် ပြီးတယ်။

မကျင်လှဆုံးပြီးလို့ လေးနှစ်လောက်ကြာတော့ ကိုတက်ရိုး မိန်းမထပ်ယူတယ်။ သက်ကယ်တန်းကပါပဲ။ ဆွေကြီးမျိုးကြီးထဲကပါ။ မငြိမ်းတဲ့။ မငြိမ်းက အပျိုစစ်စစ်တော့ မဟုတ်ဘူး။ မုဆိုးမ။ သူ့အရင်ယောကျ်ားက အပေါင်ဆိုင် ဖွင့်ထားတဲ့ တရုတ်ကိုကျင်မှိန်။ ရွှေလေး ငွေလေးနဲ့ ချမ်းချမ်းသာသာပါပဲ။ ကိုကျင်မှိန်နဲ့ ကလေးမရဘူး။ အပေါင်ဆိုင်တရုတ် ဆုံးတော့ ကျီးကြည့်ကြောင်ကြည့် ဖြစ်နေတုန်း သူကြီး ကိုတက်ရိုးက ကောက်ယူလိုက်တာ။ အပေါင်ဆိုင် တရုတ်နဲ့ ကလေးမမွေးတဲ့ မငြိမ်းက သူကြီး ကိုတက်ရိုးနဲ့ကျတော့ မွေးလိုက်တာမှ ရှင်မွေးလွန်း ဖြစ်ရော။ ဆယ့်တစ်ယောက်တောင် (ဒါတောင်မှ ကြားထဲမှာ နှစ်ယောက် ပျက်ကျသေးတယ်) ကိုတက်ရိုးရဲ့ အရင်မယားကရတဲ့ သားသမီးတွေနဲ့ အဆင်မပြေတော့ ဝိုင်းထဲမှာ အိမ်သပ်သပ် ဆောက်ပြီး ထားတယ်။

အရင်မယားက သားသမီးတွေနဲ့ မငြိမ်းနဲ့သာ အဆင်မပြေတာ။

ကလေးတွေချင်းကျတော့ အဆင်ကိုပြေလို့ ချစ်ကြတယ်။ ကိုတက်ရိုးကလည်း မငြိမ်းမို့ မျက်နှာသာမပေးဘူး။ အရင်သားသမီးတွေမို့လို့လည်း ဦးစားမပေးဘူး။ မျှမျှတတပဲ။

ခြံဝိုင်းကြီးထဲ စပါးကျီ၊ ပဲကျီ ကြီးကြီးဆောက်ပြီး ရလာတဲ့ စပါး၊ ပဲ၊ နှမ်း လှောင်ထားတာပဲ။ မျိုးချန်စရာရှိတာ ချန်၊ ရောင်းစရာရှိတာ ရောင်း၊ စားဖို့ သိမ်းတာသိမ်းနဲ့ ရသမျှ တစ်စုတစ်စည်းတည်း ထားတာပါပဲ။

ကိုတက်ရိုး အသက်ခြောက်ဆယ် တော်တော်ကျော်လာတော့ သူကြီးအလုပ် စိတ်ကုန်လာတယ်။ အသက်ကလည်း ရလာပြီ။ လယ်တွေ ချောင်းတွေကလည်း ရှိသေးတယ်။ ရွာကိစ္စတိုင်းကို ထစ်ခနဲဆို သူမသွားနိုင်တာလည်း ပါတယ်။ ဆိုင်ရာဆိုင်ရာနဲ့ ညှိနှိုင်းပေးကမ်းပြီး သူ့သား ငမှင်ကို သူကြီးရာထူးအပ်ပြီး သူက နားတယ်။ သျှောင်တစောင်းနဲ့ သူကြီးကိုတက်ရိုးနေရာမှာ ဘိုကေနောက်မြင့်နဲ့ သူကြီးဦးမှင် ပြောင်းတာကလွဲရင် သက်ကယ်တန်းရွာက သူကြီးအပြောင်းအလဲကို သိတောင် မသိလိုက်ကြဘူး။ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ ရွာကလေးမှာ သူကြီးအပြောင်းအလဲကို သိပ်ဂရုစိုက်နေကြတာလည်း မဟုတ်ဘူး။

တစ်နေ့ ငမှင် သူကြီးဖြစ်မယ်ဆိုတာ ကြိုသိနေကြတော့လည်း အသွားမပျက် အစားမပျက်ပါပဲ။ ကိုမှင်က သူကြီးဖြစ်လို့မှ မကြာသေးဘူး။ သူ့အဖေ သူကြီးဟောင်း ကိုတက်ရိုးရဲ့ နောက်မယား မငြိမ်း သေပြန်ရော။ မငြိမ်းသေတော့ သူကြီးဟောင်း ကိုတက်ရိုးက ခုနှစ်ဆယ်ကို သုံးနှစ်စွန်းနေပြီ။ လယ်လေးကိုင်းလေးလည်း ကွပ်ပဲရသေးတယ်။ ရပ်မှူးရွာမှူးကလည်း တစ်ဖက်၊ ညီအစ်ကိုမောင်နှမတွေ အရေးက တစ်ဖက်နဲ့ ဂျင်ခြေကို လည်လိုပ။

ညီအစ်ကို မောင်နှမတွေကို အိမ်စောင့်ချသင့်သူ ချ၊ ကျောင်းထားဖို့ မြို့ကို ပို့သင့်သူ ပို့။ လယ်ထဲ ကိုင်းထဲ ဆင်းခိုင်းသင့်တဲ့လူ ဆင်းခိုင်း လုပ်နေတုန်းမှာပဲ သူကြီးဟောင်း ကိုတက်ရိုးက ပုတီးကလေး လည်ပင်းဆွဲပြီး

ဘုန်းကြီးကျောင်း သွားသွားနေတာ နေ့တိုင်း။ ဘုန်းကြီးကျောင်းသွားတဲ့ လမ်းမှာ ရီးပေါက်စတို့ သက်ကယ်ပျစ်တဲ့ တဲကြီးရှိတယ်။ ဟိုရွာ သည်ရွာက မိန်းကလေး တော်တော်များများလည်း ရီပေါက်စတို့အိမ်မှာနေရင်း သက်ကယပျစ်ကြတယ်။ အဲဒီ အထဲမှာ ဖလံကျင်းက မမြသင်လည်း ပါတယ်။ အိမ်ရှေ့ ဖြတ်ဖြတ်သွားတဲ့ သူကြီးဟောင်း ကိုတက်ရိုးကို ရီးပေါက်စက “အိမ်များလည်း ဝင်ပါဦး သူကြီးရဲ့… ဝင်ကောင်းပါတယ်” ဘာညာဆိုတော့ သူကြီးကလည်း ဝင်ဖြစ်ရော။ ဝင်ရင်း ဝင်ရင်းကပဲ သူကြီးဟောင်း ကိုတက်ရိုး မိန်းမလိုချင်လာရော။ ဒါကို ရီးပေါက်စက သိတယ်။ ရီးပေါက်စက ဒါကိုတင် သိတာ မဟုတ်ဘူး။ သူကြီးဟောင်းရဲ့ လယ်တွေ ချောင်းတွေကိုလည်း သိတယ်။ အရင်မယားတွေက ကျန်ရစ်တဲ့ ကြံဆစ်လက်ကောက်တွေ၊ ပန်းတစ်လိမ် နန်းတစ်လိ ဗျက်တွေ၊ အမ်စီကြိုးတွေကိုလည်း သိတယ်။ သေတ္တာနဲ့ နှစ်လုံးလောက် ကျန်ရစ်တဲ့ ထဘီတွေ၊ အဝတ်အစားတွေကိုလည်း သိတော့ မမြသင်ကလေးနဲ့ အောင်သွယ်တယ်။ အောင်သွယ်ခလေး စားလိုက်၊ နားလေးချလိုက်နဲ့ နှစ်နှစ်လောက်ကြာတော့ မင်္ဂလာဆောင်ဖို့ ရက်သတ်တဲ့အထိ ဖြစ်လာတယ်။ ပထမတော့ မမြသင်က ငြင်းတယ်။ ခုနှစ်အိုကျား ရှစ်အိုကျားကြီး မယူချင်ပေါင်တဲ့။

နောက်တော့ ရီးပေါက်စကလည်း အပို့ကောင်း၊ မမြသင်မိဘများကလည်း သည်သတင်းကြားတော့ တွန်း။ ကြတော့ မမြသင် “အင်း” လိုက်ရတယ် ဆိုပါတော့။

အဲဒီ မှာတင် သူကြီးဟောင်း ကိုတက်ရိုးနဲ့ ဖလံကျင်းသူ မမြသင် မင်္ဂလာဆောင်တော့မယ် ဆိုတဲ့သတင်း ထွက်လာလိုက်တာ ပဒူအု တုတ်နဲ့ ထိုးလိုက်သလိုပဲ။

***

(၃)

မင်္ဂလာဆောင်မယ့် အကြိုညက မဏ္ဍာပ်ထဲမှာ အောက်လင်းဓာတ်မီးတွေဆိုတာ ထိန်လို့။ မကွေးကို တက်ငှားတာ ဓာတ်မီးဖိုးကချည်း တစ်ရာလောက် ကျတယ်။ ချက်တဲ့သူက ချက်၊ ပြုတ်တဲ့သူက ပြုတ်ပေါ့။ သူကြီး ကိုမှင့်မျက်နှာနဲ့ ဟိုရွာ သည်ရွာက လာပို့တဲ့ ဝက်တို့၊ ကြက်တို့ဆိုတာ ဖောချင်းပဲ။ အရက်ဆိုတာကတော့ မပြောနဲ့ ပလတ်စတစ်ပုံးကြီးတွေနဲ့ တည်ထားတာ။ သောက်စမ်း ကြိုက်သလောက်။

ရွာက တီးဝိုင်းကလည်း ရသမျှ သီချင်းတွေနဲ့ ဩဘာခံလို့။ သူကြီးဟောင်း ကိုတက်ရိုးကတော့ တစ်ခါမှ ထုတ်မပေါင်းဖူးတဲ့ ပန်းနုသွေး မင်္ဂလာရောင်ခေါင်းပေါင်း နှစ်ပတ်ကျော့လေးနဲ့ တကယ့်ကာလသားလေး ကျနေတော့တာ။ လည်ကတုံးအကျႌ လျှာဖတ်လက်မှာ ရွှေသီးဆိုတာ တစ်လုံးတစ်လုံးကို မန်ကျည်းစေ့လောက် ရှိတယ်။ တစ်ချက်မှာလည်း ဣန္ဒြေမရဘူး။ ရပ်မိရပ်ဖတွေထိုင်တဲ့ လူကြီးဝိုင်းပဲ ဝင်ထိုင်ရတော့မလိုလို၊ ကာလသားတီးဝိုင်းထဲဝင်ပြီး မေတ္တာသုတ္တေအနန္တော မြတ်ရှင်စော ဟောကြားကာရယ်ပဲ ဟဲရတော့မလိုလိုနဲ့။

သူကြီး ကိုမှင်ကတော့ ဖအေသတို့သားကို ကြည့်ရင်းက ပြုံးပြုံးကြီး။ မငြိမ်းနဲ့ရတဲ့ ကလေးတွေကလည်း သူတို့အဖေ အိုကြီးအိုမကိုကြည့်ပြီး ရှက်တဲ့သူက ရှက်လို့၊ မူးတဲ့လူက မူးလို့။ ပျော်တဲ့သူက ပျော်လို့။ မမြသင်ကိုတော့ မတွေ့ရဘူး။ ရှက်လို့ပဲလား။ ညွတ်နေအောင် ဆင်ထားတဲ့ ရွှေတွေနဲ့ မနေတတ် မထိုင်တတ်လို့လား မသိဘူး။ မဏ္ဍာပ်ထဲ တစ်ခါမှ မလာဘူး။ တချို့ကလည်း ရှီးပေါက်စတို့အိမ်မှာ ငိုနေလိုက်တာ ရှိုက်ကြီးငင်ကြီးတဲ့။ တချို့ကလည်း မဟုတ်ပါဘူးတဲ့။ သင်းကြူကြူပေါင်ဒါလေး လိမ်းလိုက်၊ သီချင်းလေးညည်းလိုက်နဲ့ပါတဲ့။

ခက်တာက မမြသင်ရဲ့ အဖေနဲ့ အမေပဲ။ သူကြီးဟောင်းရဲ့ ယောက္ခမသာ ပြောရတယ်။ သမက်က သူတို့ထက်ကြီးနေတော့ သားပဲ ခေါ်ရမှာလား။ သူကြီးလို့ လွယ်လွယ်ခေါ်ရမှာလား မဝေခွဲတတ်ဘူး ဖြစ်နေတယ်။ ကိုတက်ရိုးကလည်း ယောက္ခမကိုခေါ်ရင် ဒီမယ်တဲ့။

နောက်တစ်နေ့ မိုးလင်းလို့ ဘုန်းကြီးကျောင်း မင်္ဂလာဆွမ်းအုပ်ပို့ပြီးတာနဲ့ ရွာက ရွာမိရွာဖတွေ ထမင်းကျွေးဖို့ စီစဥ်တယ်။ ထမင်းမကျွေးခင် ဟိုဘက် ဒီဘက် ဆွေမျိုးမိဘတွေ၊ လူကြီးသူမတွေ ခေါင်းရင်းဘက် တန်းစီထိုင်ပြီး သတို့သမီး၊ သတို့သား မင်္ဂလာစကား ပြောမယ်လုပ်တော့ မမြသင်နဲ့ ကိုတက်ရိုးက ပီဘိကျုံ့ကျုံ့ကလေး ထိုင်လို့။ မမြသင်ကတော့ စံပယ်ပွင့်တွေ ဝေနေအောင်ပန်ထားတယ်။ မျက်နှာကလည်း ပန်းသွေးထနေလိုက်တာ ရဲလို့။ ခေါင်းကလည်း ငုံ့ထားလိုက်တာ ဇက်ကျိုးတာကမှ လှုပ်လိမ့်ဦးမယ်။ မိန်းမသုံးယောက်နဲ့ မင်္ဂလာဆောင်ဖူးသွားပြီဖြစ်တဲ့ ကိုတက်ရိုးကတော့ ရှိုးတိုးရှန့်တန့်တော့ မဖြစ်ဘူး။ ဒါပေမယ့် ရှက်တော့လည်း ရှက်တာပါပဲ။ သူ့သဘောအတိုင်းဆို မင်္ဂလာဆောင်ဖို့ စိတ်မကူးဘူး။ သည်အတိုင်း ပေါင်းလိုက်ရုံ တွက်ထားတာ။ ဒါပေမယ့် မမြသင်ဘက်က လက်မခံဘူး။ သူ့သမီး အပျိုနုနုထွတ်ထွတ်ကို မင်္ဂလာဆောင်ယူရမယ်ဆိုလို့သာကိုး။

မမြသင်ရဲ့ မိဘနှစ်ပါးရဲ့ ရပ်ဖိရပ်ဖတွေ သူ့သား သူကြီးကိုမှင်တို့ ခေါင်းရင်းခန်း နေရာဝင်ယူတော့ လာသမျှ ဧည့်သည်တွေကလည်း အထူးအဆန်း ဖြစ်လို့၊ ငြိမ်လို့၊ ပြုံးကြလို့။ ဒါပေမယ့် မင်္ဂလာစကားကို ဘယ်သူက စပြောမယ်ဆိုတာ ညှိမထားတော့ တိတ်ဆိတ်နေလိုက်တာ အကြာကြီး။ တအောင့်နေတော့မှ ရွာက စက်ပိုင် ဦးဘရှင်က…

“မောင်မှင် မင်းက ရွာမှာ သူကြီးပဲ… မင်းက စ,ပြောကွာ” တဲ့

ကိုမှင်က ဘယ်လိုမှ မျှော်လင့်ထားတာ မဟုတ်ဘူး။ သူ စကားပြောရမယ်လို့လည်း မထင်ဘူး။ ပြောလည်း မပြောတတ်ဘူးလို့

တွက်ထားတာကိုး။ ဒါကြောင့် ဦးဘရှင်က ပြောခိုင်းတော့ တွန့်သွားတယ်။

"ဟာ… မဟုတ်တာ… ဘကြီးရှင်ပဲ ပြောပါဗျာ"

"အေးပါ…တို့လည်း ပြောမှာပါ… ဟိုဘက် ဒီဘက် မိဘများကလည်း ပြောရမှာလေ… မင်းက အဖေဘက်က လူကြီးတစ်ယောက်အနေနဲ့ရော… ရွာက သူကြီးအနေနဲ့ပါ မင်း စ,ပြောမှ တင့်တယ်မှာပေ့ါ"

အဲဒီ တော့ ရွာကလူတွေကလည်း စိတ်ဝင်စားလာကြတယ်။ ကိုမှင်ကတော့ ချွေးတွေသံတွေတောင် ထွက်လာတယ်လို့ ထင်တယ်။ သူ့ရှေ့က ဖလားစုံကွမ်းအစ်ကြီးထဲက ကွမ်းသီးတစ်ဖတ် ကောက်ဝါးထည့်ပြီး အကြာကြီးနေတော့မှ…

"အဟမ်း…"

ချောင်းမဟန့်ချင်ဘဲ ဟန့်တော့ လူတွေက တဝေါဝေါ စကားပြောကြတာ ငြိမ်သွားတယ်။

"အဖေနဲ့ အဲ… အဖေနဲ့ပေ့ါလေ… မမြသင်နဲ့" ကိုမှင် ဆက်ပြောလို့ မရသလို ရပ်သွားတယ်။ ကွမ်းသီးတစ်ဖက် ထပ်နှိုက်တယ်။ ဝါးတယ်။ မဆီမဆိုင် ရေနွေးကြမ်း တစ်ပန်းကန် ငှဲ့တယ်။

"အဖေနဲ့ မမြသင်နဲ့ ဘာသာဘာဂ ထိမ်းမြားကြလို့ မင်္ဂလာစကား ပြောပါဆိုတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ ရှိတယ်။ ပုဆိုးတန်းတင် အကြင်လင်မယားတဲ့… အဟမ်း.. အရှေ့ ခုနှစ်အိမ် အနောက် ခုနှစ်အိမ် သိကြလို့ မြန်မာထုံးစံ ကန်တော့ပွဲနှင့် ကွမ်းဆေးလက်ဖက်နဲ့ ဧည့်ခံလို့ လင်မယားအရာ မြောက်ပြီဆိုတာနဲ့…"

ကိုမှင်က ငှဲ့ထားတဲ့ ရေနွေးကြမ်းပန်းကန်ကိုယူပြီး ရွှတ်ခနဲ သောက်တယ်။ သူကြီးဟောင်း ကိုတက်ရိုးကတော့ သူ့သား ကိုမှင်ကို

မျက်ထောက်နီကြီးနဲ့ ကြည့်နေတယ်။ လူတွေက ရယ်ချင်ပေမယ့် မရယ်ဘဲ တင်းထားတဲ့ရုပ်တွေနဲ့။ ကိုမှင်ကလည်း သူ့စကား အမြီးအမောက် မတည့်တာ သူ့ဟာသူ သိတယ်။ ဘာဆက်ပြောရမှန်းလည်း မသိဘူး။ ခဏနေတော့မှ…

"ဒီတော့ကာ မပြသင်ကလည်း မယားဂတ္တာရား ငါးပါးနဲ့တူတယ်… အဲဒါ ရှိတယ်… အဖေကလည်း လင့်ဂတ္တာရား ငါးပါးနဲ့အညီ တစ်ဦးကိုတစ်ဦး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့နော်ဗျာ… ရသမျှဥစ္စာလည်း တူအမျှ… ရသမျှ ကုသိုလ်လည်း တူအမျှဆိုသလို အဲ… ဆိုသလို မပြသင်ကလည်း ကိုယ့်လင်သားကို လင်သားလို.. အစ်ကိုလို… အဖေလို ဆက်ဆံရမယ်… အဖေကလည်း ဒီလိုပဲနော်… အဖေကလည်း ခါတိုင်းလို မမိုက်နဲ့တော့…"

သူကြီးဟောင်း ကိုတက်ရိုးက သူ့သား ကိုမှင်ပြောနေတာကို ဒေါသပဲ ဖြစ်နေလို့လား၊ စိတ်ထဲ မကောင်းလို့လား မသိဘူး။ မျက်လုံးတွေကလည်း ပြူးလို့။

"မမိုက်နဲ့ဆိုတာက အဖေ ကက်လည်း ဖြတ်တော့… အရက်လည်း ဖြတ်တော့… အသက်ကလည်း နားထင်ဆောင့်နေပြီ" ကိုတက်ရိုးက သူ့သား ကိုမှင်ရဲ့ မင်္ဂလာစကားထဲမှာ ကက်တွေရော၊ အရက်တွေရော၊ မမိုက်နဲ့တော့ရော ပါလာတဲ့အထိ ဘာမှမပြောသေးဘူး။ အသက် နားထင်ဆောင့်နေပြီလည်း ဆိုရော…

"ဟေ့ကောင် ငမှင်…. ခွေးသား တော်တော့ကွာ" တဲ့။

အော်လိုက်တာမှ မင်္ဂလာပွဲလာကြတဲ့ သူတွေဆိုတာ အုံးခနဲ ထရယ်တာ ပတ်ထုတ်ယူရတယ်။

***

## (၄)

အရင်မယားနှစ်ယောက် ယူခဲ့တုန်းက မယားတွေသာ သေခဲ့တဲ့

သူကြီးဟောင်း ကိုတက်ရိုး၊ မမြသင်နဲ့ ညားလို့ ခြောက်လလောက်လည်း ကြာရော သည်တစ်ခါသေတာ သူကိုယ်တိုင် ဖြစ်သွားတော့တယ်။ အဲဒီ တုန်းက မူလကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းသည့် ရောဂါဆိုတာလည်း မပေါ်သေးဘဲနဲ့ သူကြီးဟောင်း ကိုတက်ရိုးကတော့ တပိန်ပိန် တလိန်လိန်နဲ့ လုံးပါးပါးပြီး သေသွားတာ။ ဘာရောဂါရယ်လို့ မည်မည်ရရလည်း မရှိဘူး။

သူကြီးဟောင်း ကိုတက်ရိုး ခုနှစ်ဆယ်ကျော်လို့ သေသွားတာက သတင်းမဟုတ်ပေမယ့် ကျန်ရစ်ခဲ့တဲ့ မမြသင်ကတော့ ကိုယ်ဝန်နှစ်လ ကျန်ရစ်ခဲ့တယ် ဆိုတာကမှ သတင်းဖြစ်နေတော့ ရွာကလူတွေက “ဟယ်... ဟုတ်ပ့ါမလားပေါ... မဖြစ်နိုင်ဘူး” ပေ့ါ။

သူကြီးဟောင်း သေပြီးလို့ မကြာပါဘူး၊ မမြသင်ဗိုက်ကလေး စူလာတော့မှ လူတွေက...

“ဟုတ်ပ့ါတော်... သူကြီးဟောင်း ကိုတက်ရိုးတို့များ သေခါနီး တောင် “ခုနှစ်ထွေက” လေးနဲ့” တဲ့။

**၁၉၉၀ ပြေ**

***